# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟာသဝဂ်(ဓမ္မပဒ-၁၁၃)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (၀၅၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေး၍ ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ

*စာမျက်နှာ ၃ ကော်လံ ၁* ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်စဉ်။




# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး

နှစ်စဉ်နိုဝင်ဘာလ ၂၅ ရက်နေ့ကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အဖြစ် ၁၉၉၉ ခုနှစ်က ကျင်းပခဲ့သည့် (၅၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ခဲ့ပြီး နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိကိုလည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုများ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ကျင်းပလျက်ရှိကြသည်။ ယခုနှစ်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်ဆောင်ပုဒ်မှာ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး" ဟူ၍ ဖြစ်သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှာ ပုံစံအမျိုးမျိုးဖြင့် ရှိနေပြီး နေအိမ်၌ မိသားစုနှင့်အတူရှိနေစဉ်၊ ပြင်ပ၌ သွားလာနေစဉ်၊ လုပ်ငန်းခွင်၌ အလုပ်လုပ်နေစဉ် အကြမ်းဖက်ခံကြရခြင်းဖြစ်သည်။ အကြမ်းဖက်ခံကြရသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်တို့မှာ စိတ်ပိုင်းအရသော်လည်းကောင်း၊ ရုပ်ပိုင်းအရသော်လည်းကောင်း၊ လိင်ပိုင်းအရသော်လည်းကောင်း၊ ဂုဏ်သိက္ခာပိုင်း အရသော်လည်းကောင်း ထိခိုက်ခံစားကြရပြီး အသက်သေဆုံးသည့် ဖြစ်ရပ်များအထိလည်း ရှိနေသည်။ ကျား - မ ကွဲပြားမှုအပေါ်မူတည်၍ ခွဲခြားဖိနှိပ်အကြမ်းဖက်မှုများမှာ ကမ္ဘာ့ဒေသအသီးသီးရှိ လူ့အဖွဲ့အစည်းအားလုံးတို့တွင် ရှိနေဆဲဖြစ်ပြီး မိဘဆွေမျိုးမိသားစုအသိုင်းအဝိုင်းအတွင်းဖြစ်ပွားသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများစွာတို့မှာ ဖြစ်ရိုးဖြစ်စဉ်ဟူသော သဘောထားဖြင့်သာ ပြီးဆုံးသွားကြသည်။

၂၀၁၉ ခုနှစ်ကုန်ပိုင်းတွင် စတင်ပေါ်ထွက်လာခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာအနှံ့ ကူးစက်ပြန့်ပွားစဉ် အသွားအလာကန့်သတ်ချက်များအရ မိသားစုဝင်များအားလုံး အိမ်ထဲတွင် နေ့စဉ်တွေ့ဆုံနေရခြင်း၊ လူမှုရေး၊ စီးပွားရေးအကျပ်အတည်းများ ဖြစ်ပေါ်ခြင်း၊ စိတ်ဖိစီးမှုများ ဖြစ်နေခြင်း စသည့် အကြောင်းအရာများကို အခြေခံ၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပိုမိုများပြားလာခဲ့ရာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ မိသားစုပဋိပက္ခအတွင်း လုံခြုံမှုကင်းမဲ့သည့် အခြေအနေသို့ ရောက်ရှိခဲ့ရသည်။ ကုလသမဂ္ဂ စစ်တမ်းတစ်ခုအရ အမျိုးသမီးလေးယောက်တွင် တစ်ယောက်နှုန်း အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင်ဘဝ ကျရောက်ခဲ့ရသည်ဟုဆိုသည်။ အိမ်တွင်းအကြမ်းဖက်မှုတွင် ကျူးလွန်သူများမှာ အမျိုးသမီးများ၏ မိသားစုဝင်နှင့် လင်ယောကျ်ားစသည့် အရင်းနှီးဆုံးသူများက အကြမ်းဖက်ခဲ့ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီက ကောက်ယူခဲ့သည့်စစ်တမ်းအရ (အသက် ၁၅ နှစ်နှင့် ၄၉ နှစ်ကြား) အိမ်ထောင်ကျဖူးသူအမျိုးသမီးများ၏ ၂၁ ရာခိုင်နှုန်းသည် ဘဝတစ်သက်တာတွင် အရင်းနှီးဆုံးအဖော်ဖြစ်သူ၏ အကြမ်းဖက်မှုပုံစံတစ်မျိုးမျိုးကို တွေ့ကြုံခံစားခဲ့ဖူးကြသည်ကို ဖော်ပြထားရာ အိမ်ထောင်ရှင်မြန်မာအမျိုးသားတို့ ဆင်ခြင်ကြရမည့် အခြေအနေတစ်ရပ်ပင်ဖြစ်သည်။

ယခုအခါ မိမိတို့နိုင်ငံတွင် ကျား - မ အခြေပြု အကြမ်းဖက်မှုများကို ထိထိရောက်ရောက် တုံ့ပြန်နိုင်ရေးအတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်မှုသတင်းပို့တိုင်ကြားနိုင်သည့် Helpline ဖုန်းနံပါတ် "၁၅၆၆" ဖြင့် ၂၄ နာရီဝန်ဆောင်မှု၊ Viber၊ Facebook Page Messanger တို့တည်ထောင်ထားပြီး ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီး (၇)မြို့တွင် လုံခြုံရေးနားခိုရာများ ဖွင့်လှစ်ထားပြီးဖြစ်သည်။ နိဂုံးချုပ်အားဖြင့်ဆိုပါက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွင် အဓိကတာဝန်ရှိသူသည် အမျိုးသားများဖြစ်သည့်အလျောက် ကျား - မ အခြေပြု အကြမ်းဖက်မှုပပျောက်ရေး ဆောင်ရွက်ရာတွင် စိတ်ရောကိုယ်ပါ တက်ကြွစွာ ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။

# လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပြည့်စုံမှန်ကန်စေရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်း

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မဲစာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။(ဓာတ်ပုံ)



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မှန်ကန်သော မဲစာရင်းရရှိစေရေး၊ မဲစာရင်းပြုစုရေးလုပ်ငန်းများ ပိုမိုမြန်ဆန်စေရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပြည့်စုံမှန်ကန်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ ဦးစီးမှူးရုံးအနေဖြင့် လူဦးရေစာရင်း မြေပြင်ကောက်ယူမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေး ကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသား စိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေး ပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေး ကတ်အမှတ်တို့ မှန်မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#**၊ Ooredoo အတွက် ***666#** ၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**




## လေဖိအားနည်းဆဲလ် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ထူးခြားသည့်အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းဆဲလ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ၂၀၂၂ ခုနှစ်၊ (၅၉) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ (က) အဆင့် ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

❖ *ရှေ့ဖုံးမှ*

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ တပ်မတော်ဘောလုံး အကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

### အကြိတ်အနယ်ယှဉ်ပြိုင်

ဦးစွာ ၂၀၂၂ခုနှစ်၊ (၅၉) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ (က) အဆင့် ဗိုလ်လုပွဲအဖြစ် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်သည့် အသင်းနှစ်သင်း ဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်၊ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင် ကစားခဲ့ကြပြီး ရှေ့တန်း တိုက်စစ်ကစားသမားများ၏ အဆုံးသတ်ပိုင်းလိုအပ်ချက်ရှိမှု၊ ဂိုးသမားများ၏ လက်စွမ်းပြ ကာကွယ်မှုများကြောင့် သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးရရှိခြင်း မရှိခဲ့သဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို ပထမပိုင်း ၆ မိနစ်တွင် ရန်ကုန်တိုင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းအား ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။

စစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဦးဆောင်ဂိုးကို လုပစွာ သွင်းယူရရှိခဲ့ပြီး အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ချေပဂိုးပြန်လည်ရရှိနိုင်ရေး အင်တိုက်အားတိုက် တိုက်စစ်ဆင် ကစားခဲ့သော်လည်း ဂိုးရရှိခဲ့ခြင်း မရှိသောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တစ်ဂိုး - ဂိုးမရှိ ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့်အတူ စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် ဆုရဘောလုံးအသင်း ခြောက်သင်းတို့မှ အားကစားသမားများက ဇေယျာသီရိ တပ်မတော် အားကစားကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

ထို့နောက် ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ

*စာမျက်နှာ ၄ သို့*



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် (ခ)အဆင့် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် (က)အဆင့် ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများအား စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့က စစ်ကြောင်းပုံဖြင့် ချီတက်လက်ဝှေ့ယမ်းနှုတ်ဆက်ကြစဉ်။

*စာမျက်နှာ ၃ မှ*

အခမ်းအနားကို ကျင်းပပြုလုပ်ရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက (ခ)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆု ရရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ (က)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အမှတ် (၉၉) ခြေလျင်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းတို့ကို အသန့်ရှင်းဆုံးအသင်းဖလားဆု၊ ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း။

**ဆုများပေးအပ်ချီးမြှင့်**

တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက (ခ)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးကစားသမားဆုရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု ရရှိသူများနှင့် (က)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ကို ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များလည်းကောင်း။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးက (က) အဆင့်ပြိုင်ပွဲတွင် နေရာအလိုက်အကောင်းဆုံးကစားသမားဆုရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု ရရှိသူများနှင့် (ခ) အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ကို ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များလည်းကောင်း။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က (က)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က (ခ)အဆင့် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုအသင်းကိုလည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး က (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လည်းကောင်း ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (က) အဆင့် ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

**ဆုဖလားများပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက (ခ)အဆင့် ပြိုင်ပွဲတွင် ပထမဆုရရှိသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် (က) အဆင့် ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ပထမဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။



၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူး မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်စဉ်။

**တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်အခု ၅၀၊ ငွေတံဆိပ် ၃၅ ခု၊ ကြေးတံဆိပ် ၃၇ ခု စုစုပေါင်း ဆုတံဆိပ် ၁၂၂ ခုဖြင့် ဆုအများဆုံးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိနှင့် အားကစားသမားများက လက်ခံရယူသည်။

**လက်ဝှေ့ယမ်း နှုတ်ဆက်**

ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့က စစ်ကြောင်းပုံဖြင့် ချီတက်၍ လက်ဝှေ့ယမ်းနှုတ်ဆက်ပြီး ဇေယျာသီရိ တပ်မတော် အားကစားကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပြန်လည်လက်ပြနှုတ်ဆက်ကြသည်။

ထိုသို့ ချီတက်ထွက်ခွာနေချိန်တွင် (၅၉) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ အခြေအနေများ၊ ဂျပန်နိုင်ငံမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ရွေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး Mr. Yusuke Watanabe တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံ

## (၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) နှင့် အဆင့်မြင့်အရာရှိကြီးများသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်၊ ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေမှုများ တားဆီးနှိမ်နင်းရေး၊ နယ်မြေသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖလှယ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့မှ အကြမ်းဖက်အုပ်စုနှင့် အကြမ်းဖက်သမားများကို ဘင်္ဂလားဒေ့ရှ်နယ်မြေတွင် လုံးဝအခြေပြုခိုအောင်းခွင့်ပြုမည်မဟုတ်ကြောင်း၊ တားဆီးနှိမ်နင်းရေးကို မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ပိုမိုပူးပေါင်းဆောင်ရွက် တိုက်ဖျက်သွားမည်ဖြစ်ကြောင်း နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် နယ်နိမိတ်မျဉ်းတစ်လျှောက် နှစ်ဖက်ညှိနှိုင်းကင်းလှည့်ခြင်း၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုကောင်းမွန်အောင် အပြန်အလှန် နားလည်ယုံကြည်မှုများ တည်ဆောက်ခြင်း စသည်တို့ကို ပိုမိုမြှင့်တင်နိုင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။

### ရှင်းလင်းပြောကြား

ထို့ပြင် ယနေ့နံနက် ၉ နာရီတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ (၈) ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးသဘောတူညီခဲ့ကြသည့် Joint Record of Discussion – JRD ကို မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရဲချုပ် (၂) ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) တို့က အစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။ ထို့နောက် မြန်မာ – ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ အစည်းအဝေးကျင်းပမှုနှင့် ဆွေးနွေးသဘောတူညီမှု ရလဒ်များနှင့်ပတ်သက်၍ မီဒီယာများကို ရှင်းလင်းပြောကြား၍ သတင်းထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် (၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် (၂) ရဲဗိုလ်ချုပ် အောင်နိုင်သူ ဦးဆောင်၍ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၁၅ ဦး၊ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီး ၁၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။




(၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးကျင်းပစဉ်။

အဆိုပါ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအစည်းအဝေးတွင် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ကုန်းမြေနှင့် မြစ်ကြောင်းအတွင်း ပူးတွဲကင်းလှည့်မှုများ ပိုမိုဆောင်ရွက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ ကြိုတင်ကာကွယ်ရေးနှင့် အကြမ်းဖက်မှုနှင့် အကြမ်းဖက်အုပ်စုများ တိုက်ဖျက်ရေး၊ ရာဇဝတ်ဂိုဏ်းများ၏ နယ်စပ်ဖြတ်ကျော်သွားလာမှုများ ကြိုတင်ကာကွယ်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ တရားမဝင် နယ်နိမိတ်ဖြတ်ကျော်ခိုးဝင်/ခိုးထွက်မှုများ ထိရောက်စွာ တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

### အချက် ၁၄ ချက်ကို သဘောတူညီ

ထို့နောက် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု အားနည်းချက်များကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲရလဒ်များနှင့်ပတ်သက်၍ ကြိုတင်မျှော်တွေးသုံးသပ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်ရေးတို့နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် အချက် ၁၄ ချက်ကို သဘောတူညီခဲ့ကြသည်။

အလားတူ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Shakil Ahmed (SPP, nswc, afwc, psc) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်၏ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။ တွေ့ဆုံမှုတွင် အိမ်နီးချင်းနှစ်နိုင်ငံ၏ နယ်ခြားစောင့်တပ်ဖွဲ့များသည် ညီရင်းအစ်ကို စိတ်ဓာတ်၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား၍ အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

(၈)ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ၏ အဆင့်မြင့် အရာရှိကြီးများအဆင့်အစည်းအဝေးတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်မှုများ ဆောင်ရွက်ရန်၊ တပ်ရင်းမှူးအဆင့်၊ ဒေသကွပ်ကဲမှုအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတို့ကို နှစ်ဖက်သဘောတူညီထားသည့်အတိုင်း လစဉ်၊ နှစ်စဉ် ကျင်းပပြုလုပ်ရန်၊ ဘင်္ဂလားဒေ့ရှ် ပိုင်နက်နယ်မြေကို အသုံးချ၍ အခြားနိုင်ငံအပေါ် ဆန့်ကျင်မည့် မည်သည့်အုပ်စုကိုမဆို ခွင့်ပြုသွားမည်မဟုတ်ဘဲ ရှာဖွေစုံစမ်း ပိတ်ဆို့တားဆီးနှိမ်နင်းရန်၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများကို ကြိုတင်တားဆီးကာကွယ်သွားရန်၊ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုသည် မူးယစ်ဆေးဝါးနှင့် တရားမဝင်နယ်စပ်ဖြတ်ကျော်ခိုးဝင်မှုများ ဖြစ်ပေါ်စေသဖြင့် တားဆီးနှိမ်နင်းရေးကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား အောက်ခြေအဆင့်၊ အလယ်အလတ်အဆင့်နှင့် အဆင့်မြင့်အရာရှိကြီးအဆင့် ဆက်သွယ်မှုများ ပိုမိုလျှင်မြန်စွာ ဆောင်ရွက်ကြရန်၊ ယုံကြည်မှုတည်ဆောက်ခြင်း တိုးမြှင့်နိုင်ရေးအတွက် အပြန်အလှန်လည်ပတ်ခြင်း၊ အားကစားပြိုင်ပွဲများကျင်းပခြင်းနှင့် တွေ့ဆုံဆွေးနွေးမှုများ အခါအားလျော်စွာ ကျင်းပသွားရန်တို့ကို သဘောတူညီခဲ့ကြသည်။ အဆိုပါ ဆွေးနွေးသဘောတူညီမှုများကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇလွန်မြို့၌ ဆီထွက်သီးနှံ ဆောင်းနေကြာမျိုးစေ့ချ ကွင်းသရုပ်ပြပွဲကျင်းပ

ဇလွန် နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် ဆီထွက်သီးနှံ(ဆောင်း)နေကြာ တစ်ကွင်းတစ်စပ်တည်းနေကြာ ဧက ၁၀ စံပြကွက်အား စက်မှုလယ်ယာအစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ဖက်သောင်ကျေးရွာအုပ်စု တောင်သူဦးရွှေထူး၏လယ်မြေတွင်ကျင်းပသည်။

၂၀၂၂ – ၂၀၂၃ ခုနှစ် ဆီထွက်သီးနှံ (ဆောင်း) နေကြာစိုက်ပျိုးခြင်းကို စက်မှုလယ်ယာအစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်း၊ ကွင်းသရုပ်ပြရာတွင် တန်းကြားနှစ်ပေ ၊ ပင်ကြားကိုးလက်မစနစ်ဖြင့် ဆောင်ရွက်ထားရှိသော အစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးရာတွင် တစ်ကျင်းလျှင်သုံးစေ့နှုန်း၊ တစ်ဧကလျှင် မျိုးစေ့ လေးပြည်ခန့်ကုန်ကျ၍ စိုက်ပျိုးစရိတ်သက်သာပြီး အချိန်တိုအတွင်း စိုက်ပျိုးပြီးစီးနိုင်ကြောင်း စက်မှုလယ်ယာဦးစီးအရာရှိ ဦးဌေးက ရှင်းလင်းပြောကြားသည်။

ဇလွန် (ပြန် / ဆက်)

# မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၅**
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့ မွန်းလွဲ ၁ နာရီတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို နှစ်ဖက်အပြန်အလှန် အကျိုးရှိစေမှု အပေါ်မူတည်ပြီး အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်သွားရေး၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အပြုသဘောထောက်ပံ့မှုများ ဆက်လက်ပေးအပ်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာအကျိုးတူကိစ္စရပ်များ အထူးသဖြင့် ကုလသမဂ္ဂနှင့် အာဆီယံမျက်နှာစာတွင် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# "လူတိုင်းအတွက် မြန်မာ့စာတိုက်လုပ်ငန်း" ဖြစ်စေရေး ပြည်သူလူထုအတွက် အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂၅**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့တွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ သစ္စာရှိစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် မြန်မာ့စာတိုက်လုပ်ငန်း၊ ရုံးချုပ်နှင့် နေပြည်တော်စာတိုက်ကြီးရှိ အရာထမ်း၊ အမှုထမ်းများကို အသိအမှတ်ပြုသောအားဖြင့် မိသားစုမိတ်ဆုံ နေ့လယ်စာစားပွဲကို ပြုလုပ်ခဲ့ပြီး ဝန်ကြီးဌာနအားကစားပြိုင်ပွဲများ၌ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော မြန်မာ့စာတိုက်လုပ်ငန်း ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ပြည်ထောင်စု ဝန်ကြီးက မြန်မာ့စာတိုက်လုပ်ငန်း ဝန်ထမ်းများ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာဖြင့် အားကစားပြိုင်ပွဲများတွင် အားပေးခဲ့ကြသည့် အလေ့အထကို ထိန်းသိမ်းသွားစေလိုပါကြောင်း၊ နိုင်ငံတော်မှ စိုက်ထုတ်ပေးနေရသည့်အရှုံးများ လျှော့နည်းအောင်၊ ဝင်ငွေတိုးတက်ရရှိရေး နည်းလမ်းများလည်း ရှာဖွေပြီး ထပ်ဆောင်းဝန်ဆောင်မှု (value added service) များဖြင့် မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးနေကြပြီး လုပ်ငန်းများ အရှိန်အဟုန်မပြတ် ရပ်တန့်မှုမရှိစေရေး ဆောင်ရွက်ပေးနေကြသော တစ်နိုင်ငံလုံးရှိ မြန်မာ့စာတိုက်ဝန်ထမ်းများကို အသိအမှတ်ပြုမှတ်တမ်းတင်ပါကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်း၏ "VISION" ဖြစ်သည့် "Myanmar Post for Everyone" "လူတိုင်းအတွက် မြန်မာ့စာတိုက်လုပ်ငန်း" ဖြစ်စေရေး ပြည်သူလူထုအတွက် အကောင်းဆုံး ဝန်ဆောင်မှုများဖြင့် ဝန်ထမ်းများအားလုံး အတူတကွ ကြိုးပမ်းဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဝန်ထမ်းများနှင့်အတူ လက်ရည်တစ်ပြင်တည်း မိသားစုမိတ်ဆုံ နေ့လယ်စာအား သုံးဆောင်ခဲ့ကြပြီး ရင်းနှီးပွင့်လင်းစွာ နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ဝန်ထမ်းများ ပျော်ရွှင်အပန်းဖြေစေရန် လှည့်လည်ဖျော်ဖြေတင်ဆက်

**နေပြည်တော် နိုဝင်ဘာ ၂၅**
နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှု ရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှု တစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၊ မြန်မာ့အသံမှတေးသံရှင်များက နေပြည်တော်ရှိ ဝန်ကြီးဌာနများသို့ လှည့်လည်ဖျော်ဖြေလျက်ရှိသည်။






အဆိုပါဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းက စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် သရုပ်ဆောင်မိုးယံဇွန်နှင့် မြန်မာ့အသံမှ တေးသံရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင် မိုးယံဇွန်နှင့် မြန်မာ့အသံမှ တေးသံရှင်များက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဝန်ထမ်းများနှင့် မိသားစုဝင်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့က ခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့အသံမှ တေးသံရှင်များနှင့် သရုပ်ဆောင် မိုးယံဇွန်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်ကို ကျန်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း အသီးသီးသို့လည်း ဆက်လက်သွားရောက်ပြီး ဖျော်ဖြေ တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂၅**
ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့နှင့် တီးတိန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့နှင့် ကျောက်မဲမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ကျောက်ဖြူမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲပြုလုပ်

**ကျောက်ဖြူ နိုဝင်ဘာ ၂၅**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာ၌ မိုးစပါးစံကွက် ၀ ဒသမ ၁၀ ဧက ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ဂုံးချိန်ကျေးရွာအုပ်စု လယ်ဒါပြင်ကွင်းတောင်သူ ဦးမောင်ဝေ၏ လယ်မြေတွင် ဆောင်ရွက်သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ကျောက်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်းနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်ကြည့်ရှုကြပြီး မိုးစပါးစံကွက် ၀ ဒသမ ၁၀ ဧကရိတ်သိမ်းရာ၌ တောင်သူ ဦးမောင်ဝေ စိုက်ပျိုးထားသည့် ဒေသစပါးမျိုးအား ရိတ်သိမ်းခြင်းဖြစ်ကာ အထွက်နှုန်းအနေဖြင့် တင်း ၇၀ ကျော်ခန့်ထွက်ရှိခဲ့ရာ မြို့နယ်၏ မိုးစပါးအထွက်နှုန်း ပိုမိုတိုးတက်လာစေရေးအတွက် မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေး၊ စိုက်စနစ်မှန်ကန်စေရေးနှင့် အပင်ပြုစုခြင်းဆိုင်ရာနည်းစနစ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက တောင်သူများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး (ပြန်/ဆက်)**



# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဝတ်စုံပြည့်အစမ်းလေ့ကျင့်

**နေပြည်တော် နိုဝင်ဘာ ၂၅**
(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ပြုလုပ်သည်။

ထိုသို့ လေ့ကျင့်နေမှုများကို ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**






(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ပဒေသာကပွဲ၏ ဖျော်ဖြေ တင်ဆက်မှုများကို MRTV– HD၊ MRTV Parliament Channel ၊ MWD HD Channel ၊ MWD Variety HD Channel၊ MRTV Web & App တို့တွင် ညနေ ၆ နာရီခွဲမှ ည ၈ နာရီ အထိနှင့် ည ၉ နာရီမှ ည ၁၁ နာရီအထိ နှစ်ချိန်ခွဲ၍ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်းနှင့် ည ၈နာရီသတင်း ထုတ်လွှင့်ချိန်ဖြစ်သော ည ၉ နာရီအထိ ဖျော်ဖြေခဲ့သည့် အစီအစဉ်များကို ယင်းရုပ်သံလိုင်းများတွင် နောက်တစ်နေ့ ညနေ ၄ နာရီသတင်းပြီးချိန်မှ ညနေ ၆ နာရီအတွင်း Delay ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

---

# မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ (၁၅) ကြိမ်မြောက် အထွေထွေအစည်းအဝေး ကျင်းပ

## နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် စာရင်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၅**
မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းနာယက မြန်မာနိုင်ငံ စာရင်းကောင်စီ ဥက္ကဋ္ဌပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ စာရင်းကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း (Myanmar Institute of Certified Public Accountants – MICPA)၏ (၁၅) ကြိမ်မြောက် အထွေထွေ အစည်းအဝေးသို့ တက်ရောက်သည်။





အစည်းအဝေးတွင် မြန်မာနိုင်ငံ စာရင်းကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရာတွင် စာရင်းပညာ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့်မီသည့် စာရင်းပညာရှင်များ ပေါ်ထွန်းလာရေး၊ စာရင်းပညာရှင် အရေအတွက် တိုးတက်စေရေး၊ ကျင့်ဝတ်သိက္ခာ လိုက်နာ စောင့်ထိန်းစေရေးနှင့် စာရင်းပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး တို့အတွက် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ စိစစ်ကြီးကြပ်မှုဖြင့် MICPA အသင်း၏ ဆောင်ရွက်မှုများသည် ပုဂ္ဂလိကကဏ္ဍအတွက် များစွာအရေးပါကြောင်း။

သို့ပါ၍ နိုင်ငံတကာအဆင့်မီ စာရင်းပညာရှင် အရေအတွက် တိုးပွားစေရေးနှင့် စာရင်းပညာ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် MICPA အသင်းအနေဖြင့် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ကြီးကြပ်မှုဖြင့် တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် အစည်းအဝေး သဘာပတိ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့ စာရင်းကိုင်များအသင်း နာယက ဦးသိန်းမြင့်နှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့ စာရင်းကိုင်များ အသင်းဥက္ကဋ္ဌ ဦးဝမ်းတင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဘုတ်အဖွဲ့၏ ၂၀၂၀–၂၀၂၁ နှင့် ၂၀၂၁–၂၀၂၂ ခုနှစ်များအတွက် နှစ်ပတ်လည် အစီရင်ခံစာ၊ အသင်း၏ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြ အတည်ပြုခြင်းနှင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ် ခန့်အပ်အတည်ပြုခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်သည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဘုတ်အဖွဲ့ဝင် ၂၀ က လူကိုယ်တိုင် တက်ရောက်ပြီး အသင်းဝင် ၂၂၅ ဦး က Zoom Online မှတစ်ဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ နိုဝင်ဘာ ၂၅**
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂) ကို ယနေ့ နေ့လယ်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**




ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်မည့် (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဟုလည်း သိရှိရပါကြောင်း၊ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယခုအစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးပေးကြစေလိုကြောင်း၊ ဦးစီးကော်မတီများမှလည်း တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ယခုနှစ် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့ပေါ်တွင် ဌာနဆိုင်ရာများမှ ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဖွင့်ပွဲအခမ်းအနားများ၊ ရခိုင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများမှ ဒေသထွက်ကုန်၊ ထုတ်ကုန်များကို ပြပွဲခင်းကျင်းပြသခြင်းနှင့် ဈေးရောင်းပွဲကျင်းပခြင်းတို့ကို ပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများတွင် တစ်နှစ်တာကာလအတွင်း စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ဆောင်ရွက်ပါကပိုမိုသင့်တော်မည်ဖြစ်ကြောင်း၊ ယခင်နှစ်များကလည်း ရခိုင်ပြည်နယ်နေ့အခမ်းအနားကို အနှစ်သာရရှိရှိ ဆောင်ရွက်ခဲ့မှု သာဓကများကိုပြန်လည်သုံးသပ်ပြီး ယခုနှစ် ရခိုင်ပြည်နယ်နေ့ကို စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်နိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူးများက ရှင်းလင်းတင်ပြကြပြီး (၄၈) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား ကျင်းပရေးနှင့်ပတ်သက်၍ လျာထားဆောင်ရွက်မည့် အစီအစဉ်(မူကြမ်း)များကို အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ဆွေးနွေးတင်ပြသည်။

တင်ပြဆွေးနွေးချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။ **တင်ထွန်း**

# နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ကော်မတီဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း တိုးတက်များပြားလာသည့် ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူအဆင်ပြေချောမွေ့စေရေး အတွက်လည်းကောင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ် ပြင်ဆင်ထားသော ကျိုတိုသဘောတူညီချက်၊ အထွေထွေနောက်ဆက်တွဲပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်အရနှင့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်အရလည်းကောင်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်သည် ကုန်ပစ္စည်းရှင်းလင်းထုတ်ယူခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များတွင် အချိန်နှင့်ကုန်ကျစရိတ်များ သက်သာစွာဖြင့် လျင်မြန်စွာဆောင်ရွက်နိုင်စေရန် ရည်ရွယ်အကောင်အထည်ဖော်သည့်စနစ်တစ်ခု ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ကုန်သွယ်မှုလုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သော ထိရောက်မှုရှိသည့် ခေတ်မီကုန်စည်ရှင်းလင်းရေး စနစ်ဖြစ်၍ ယင်းလုပ်ငန်းစဉ်တွင် ကုန်သွယ်မှု ဆက်စပ်ဌာနများ၊ ပုဂ္ဂလိကကဏ္ဍများအားလုံး ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရသည့် စနစ်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် "နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ" ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၁၇၇/ ၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့ကြောင်း။

ယနေ့အစည်းအဝေးတွင် ဦးဆောင်ကော်မတီ၏ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့် (Terms of Reference – TOR)၊ စနစ်တည်ထောင်ခြင်းအတွက် လမ်းပြမြေပုံ (Road Map) တို့ကို အတည်ပြုထုတ်ပြန်နိုင်ရေး၊ နည်းပညာလုပ်ငန်းအဖွဲ့နှင့် ဥပဒေလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးနိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးတို့အတွက် ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မည့်နည်းပညာပုံစံနှင့် လုပ်ငန်းအစီအမံများကို အတည်ပြုချမှတ်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနများက ပူးပေါင်းပါဝင်ညှိနှိုင်းဆောင်ရွက်နိုင်ရန် တွန်းအားပေးကြပ်မတ်ခြင်း၊ စနစ်အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတိုးတက်မှုအခြေအနေများကို စောင့်ကြည့်သုံးသပ်၍ လိုအပ်သောလမ်းညွှန်မှုများ ချမှတ်ခြင်း၊ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် တည်ထောင်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေတွက်ချက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အစီရင်ခံတင်ပြခြင်း စသည်တို့ကို ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။




အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က နှစ်စဉ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အတွင်း ကာလသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုကာလ ဖြစ်ပါကြောင်း၊ (၁၆) ရက်တာ လှုပ်ရှားမှုများ ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်မှာ ကျား၊မ အခြေပြုအကြမ်းဖက်မှုပပျောက်ရေးအတွက် အသိအမြင်ကျယ်လာပြီး အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ပပျောက်စေရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လာနိုင်ရန် ဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ် ဆောင်ပုဒ်မှာ "UNiTE! Activism To End Violence against Women & Girls": "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေး အားလုံးပေါင်းစု လှုပ်ရှားပေး" ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ဖြစ်ပွားမှုနှုန်းမှာ ပိုမိုများပြားလာသည်ကို လေ့လာတွေ့ရှိချက်များအရ သိရှိရပါကြောင်း၊ မြန်မာနိုင်ငံသည် "ကျား၊ မတန်းတူညီမျှမှု ရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေး" ဆိုသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် နံပါတ် (၅)၊ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း UNCEDAW ၏ အကြံပြုချက်များ၊ ဘေဂျင်း ကြေညာစာတမ်းပါလုပ်ငန်းများ၊ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်နှင့် အာဆီယံဒေသတွင်း အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ပပျောက်ရေး လုပ်ငန်းများကို ပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို သတင်းပို့တိုင်ကြားနိုင်ရန် (၂၄) နာရီ Helpline တယ်လီဖုန်းနံပါတ်"1566" ဖြင့် ဝန်ဆောင်မှုပေးခြင်း၊ Viber, Facebook Page Messenger များ တည်ထောင်ထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် အကြမ်းဖက်ခံရသူများကို တရားရင်ဆိုင်ခရီးစရိတ်၊ အသက်မွေးဝမ်းကျောင်း စရိတ်ထောက်ပံ့ပေးခြင်း၊ လုံခြုံရေးအတွက် နားခိုရာနေရာများအဖြစ် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လားရှိုး၊ လွိုင်ကော်၊ မုံရွာမြို့နှင့် စစ်တွေမြို့ စသည့်နေရာ ခုနစ်ခုတွင် (One Stop Women Support Center –OSWSC) များကို ဖွင့်လှစ်ထားရှိခြင်း၊ အခြားသော ဝန်ဆောင်မှုများ ရရှိနိုင်ရေး ညွှန်းပို့ ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ဖယ်ရှားပပျောက်စေရန်အတွက် အစိုးရကချည်း ဆောင်ရွက်နေ၍မရဘဲ ပြည်တွင်း၊ ပြည်ပ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ဆောင်းပါးပြိုင်ပွဲမှ ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ အသိပညာပေး Video Clip ပြသခြင်းနှင့် Physical Fitness Dance ဖြင့် ကပြဖျော်ဖြေခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ အမျိုးသမီးကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ စုစုပေါင်း ၁၁၆ ဦး in person ဖြင့် တက်ရောက်ခဲ့ကြသည်။


**သတင်းစဉ်**

# သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်၌ ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်၌ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်ရှိ ပညာနေခြည်ခန်းမဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းသီအောင်က အမှာစကားပြောကြားပြီး တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုလုပ်ငန်း သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကာ သင်တန်းသား သင်တန်းသူ ၄၁ ဦး တက်ရောက်ကြပြီး ယခုသင်တန်းမှ ရရှိသော အသိပညာ၊ ဗဟုသုတများကို မိမိတို့တာဝန်ကျရာနေရာများရှိ ကလေးငယ်များအား ဆက်လက်အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# လူငယ်လေးတွေ မျက်စိဖွင့်ကြပါ။ ဖုန်းလေး ကြည့်ပြီးတော့ ဒီအပေါ်မှာတင်ပဲ ကြည်နူးမနေကြပါနဲ့

ဦးမြင့်ဆန်းဟာတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၂ ဖြင့် နယ်ပယ် အသီးသီးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များကို ချီးမြှင့်ခဲ့သည်။

အဆိုပါ ဘွဲ့၊ တံဆိပ်များ ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်အချို့၏ ဝမ်းမြောက်စကားသံများကို မြန်မာ့သတင်းစဉ်က စုစည်းဖော်ပြလိုက်ပါသည်။



ဦးမောင်မြင့်(ခ)သျှိဝ

**Bajrang Lal Sharma (a)**
**ဦးမောင်မောင် (သီရိပျံ့ချီဘွဲ့)**
**ဥက္ကဋ္ဌ၊ သနန္တနဓမ္မပါလက(ဟိန္ဒူ)**
**အဖွဲ့ချုပ်**

(၁၀၂) နှစ်မြောက် အမျိုးသား အောင်ပွဲနေ့အခါသမယမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နယ်ပယ်အသီးသီးမှာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများ၊ ဆောင်ရွက်လျက်ရှိကြတဲ့ ပုဂ္ဂိုလ်များကို ဘွဲ့အသီးသီး ပေးအပ်ခဲ့ပါတယ်။

ဆုချီးမြှင့်ခံရသူ ဘာသာအသီးသီးက ပုဂ္ဂိုလ်များထဲမှာ ကျွန်တော်သနန္တနဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ် ဥက္ကဋ္ဌအနေနဲ့ သီရိပျံ့ချီဘွဲ့ကို ချီးမြှင့်ခံရတဲ့အတွက် လွန်စွာဝမ်းမြောက် ဝမ်းသာဖြစ်မိပါတယ်။

ကျွန်တော်တို့သနန္တနဓမ္မပါလ(ဟိန္ဒူ) အဖွဲ့ချုပ်ဟာ ဗုဒ္ဓဝင်ပြပွဲကျင်းပရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဟိန္ဒူဓမ္မသင်ကြားပို့ချရေးကို ဆောင်ရွက်ခြင်း၊ ဇနကလျာဏအသင်း၊ ဟိန္ဒူအမျိုးသမီးများအဖွဲ့၊ ဟိန္ဒူလူငယ်များအသင်းတို့ဖွဲ့ထားပြီး ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုစတဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ကပ်ဘေးကျရောက်တဲ့အချိန်အခါတွေမှာ အသင်းတွေအနေနဲ့ ကူညီ ထောက်ပံ့ရေးလုပ်ငန်းတွေကိုလည်း တစ်ပိုင်တစ်နိုင် ပါဝင်ကူညီဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဒီလိုလူမှုရေး၊ဘာသာရေး၊ပညာရေး၊ ယဉ်ကျေးမှု အကျိုးပြုလုပ်ငန်းတွေကို စွမ်းစွမ်းတမံ ဆောင်ရွက်တဲ့အတွက် နိုင်ငံတော်ကပထမဆုံးအသိ အမှတ်ပြုချီးမြှင့်တဲ့အခါမှာ ကျွန်တော်တစ်ယောက်တည်းသာမက ကျွန်တော်တို့ သနန္တနဓမ္မပါလ (ဟိန္ဒူ) အဖွဲ့ချုပ် အသင်းသားအသင်းသူတွေ၊ ဟိန္ဒူဘာသာဝင်တွေအားလုံး ဝမ်းသာပီတိ ဖြစ်ရပါကြောင်း ပြောလိုပါတယ်။

အမိမြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ ဘာသာပေါင်းစုံက ပြည်သူပြည်သား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်စွာနဲ့ မိမိတို့ရဲ့ ဘာသာရေး၊ လူမှုရေးတာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြမယ်ဆိုရင် သာယာဝပြောတဲ့ လူ့ဘောင်လောကကြီးကို တည်ထောင်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ဦးမောင်မြင့်(ခ)သျှိဝ (သီရိပျံ့ချီဘွဲ့)**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူပူဂျာရီပုရောဟိတ် ဘုန်းတော်ကြီးများ (ဗဟို)အဖွဲ့ချုပ်**

ဆရာတော်တို့အနေနဲ့ နေ့စဉ်နဲ့အမျှ ဘုရား၊ ကျောင်းကန်တွေမှာ ပူဇော်ပွဲတွေနဲ့ ပတ်သက်တဲ့ကိစ္စတွေကို ဆောင်ရွက်ရပါတယ်။ တပည့်ဒါယကာ ဒါယိကာမတွေကိုလည်း ဆုတောင်းပေးရပါတယ်။ ဆရာတော်အနေနဲ့က ဘုရားပူဇော်တဲ့ ကိစ္စရပ်တွေကိုပဲ အဓိကဆောင်ရွက်ပေးရပါတယ်။ အဲဒီထဲမှာပဲ သာရေး၊ နာရေး ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးပါတယ်။ ယခုလို နိုင်ငံတော်အစိုးရကနေ ဘွဲ့တံဆိပ် ချီးမြှင့်ပေးတဲ့အတွက် ဆရာတော်နဲ့အတူ ဒါယကာ ဒါယိကာမတွေလည်း အထူးဝမ်းသာပီတိဖြစ်ကြရပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

နောက်ပိုင်းမှာလည်း ဆရာတော်တို့ အဖွဲ့ချုပ်အနေနဲ့ သူ့အပိုင်းအပိုင်းနဲ့အတူ ဘာသာရေးကိစ္စရပ်တွေ ဆောင်ရွက်ပေးသွားကြမှာပါ။ ဆရာတော်တို့အပိုင်းကလည်း ဘာသာရေးနဲ့ ကျမ်းဂန်တွေကို သင်ပေးတာတွေ၊ ပုရောဟိတ်ဆရာတွေကို မြှင့်တင်ပေးတာတွေကို ဆောင်ရွက်သွားမှာပါ။

ဆရာတော်က ၁၉၉၂ ခုနှစ်ကစပြီး ဘာသာရေးကိစ္စနဲ့ ပတ်သက်တဲ့ ပူဇော်ပွဲကိစ္စရပ်တွေကို အခုအချိန်ထိဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆင်းရဲတဲ့ကျောင်းတွေကို အလှူဒါယကာတွေ စုပေါင်းပြီး ပြုပြင်ပေးခြင်း၊ ဘုရားတည်ပေးခြင်း၊ ခုနစ်ရက်သားသမီးတွေကို ဆုတောင်းပေးတာတို့ကို အစဉ်အမြဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခုဆို ဘုရားကျောင်းပေါင်း နှစ်ရာမှ သုံးရာအထိ ရှိပြီဖြစ်ပါတယ်။ ဟောင်းနွမ်းနေတဲ့ ဘုရားကျောင်းတွေကိုပြုပြင်ခြင်း၊ ပုရောဟိတ်ဆရာတွေကို ဘာသာရေးအတွက် သင်ကြားပေးခြင်းနဲ့ နိုင်ငံခြားက ဆရာတော်တွေကို ခေါ်ပြီး ဘာသာရေးကိစ္စတွေ မြှင့်တင်ဆောင်ရွက်နေပါတယ်။ ထပ်ပြီးတော့လည်း ဘာသာရေးကိစ္စရပ်တွေကို ကြိုးစားဆောင်ရွက်သွားပါမယ်၊ အခုလို ဆရာတော်ကို နိုင်ငံတော်အစိုးရက သီရိပျံ့ချီဘွဲ့ကို ချီးမြှင့်တဲ့အတွက် ဝမ်းသာရပါတယ်။

ဆရာတော်တို့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူပြည်သား



ဦးမောင်မောင်



ဒေါ်ခင်လှမူ



ဦးညွန့်ဆွေ



ဦးမြင့်ဆန်းဟာတ်



မသက်ဖြိုးနိုင်



ဦးဘုန်းမြင့်တေဇာ

အားလုံး သဘာဝဘေးအန္တရာယ်မှ ကင်းငြိမ်းကြပါစေ၊ ခုနစ်ရက်သားသမီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ အမြဲတစေ ဆုတောင်းပေးလျက်ရှိပါတယ်။

**ဦးညွန့်ဆွေ၊ လူမှုထူးချွန် (ပထမဆင့်)**
**(ဥက္ကဋ္ဌ - မြန်မာစာကြည့်တိုက်များ ဖောင်ဒေးရှင်း)**

ဆုနဲ့ပတ်သက်လို့ကတော့ ဘဘအနေနဲ့ ဒါဆိုရင် နိုင်ငံတော်က ချီးမြှင့်တာ တတိယအကြိမ်လို့ ပြောရမယ်။ ပထမအဆင့်က စီမံထူးချွန်ဆု၊ ဒါက ပထမအဆင့်၊ အဲဒါ ၁၉၉၁ ခုက ရတယ်၊ အခု အနှစ် ၃၀ လောက်ကြာတော့ လူမှုထူးချွန် ပထမအဆင့် ထပ်ရတယ်။ ဒီကြားထဲမှာ ၂၀၁၂ ခုနှစ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လက်ထက်မှာ ဝဏ္ဏကျော်ထင် ဘွဲ့ရခဲ့တယ်။ အဘက ဘာဖြစ်လို့ လူမှုထူးချွန်ဆု ရသလဲဆိုတော့ အဘက ကိုယ့်ရဲ့ Professional နဲ့ ရတာမဟုတ်ဘူး၊ ဒီဟာက လူမှုရေးနဲ့ ပတ်သက်တဲ့ ဆောင်ရွက်ချက်၊ ဘဘက ဘာတာဝန် ယူထားရသလဲဆိုတော့ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှာဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါတယ်။ အဲဒါကြောင့်မို့ သူတို့ကြေညာတဲ့ အထဲမှာလည်း သံအမတ်ကြီး အငြိမ်းစားတို့၊ ဗိုလ်မှူးကြီး အငြိမ်းစားတို့၊ ဒုတိယဝန်ကြီး အငြိမ်းစားတို့ ဒီလို မပါဘူး။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒီလိုပဲ ကြေညာတာပါ။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဆိုတာဟာ အားလုံးသိကြတဲ့ အတိုင်းပဲ လွှတ်လပ်ရေးရကတည်းက ပြည်သူလူထု အသိဉာဏ် ပွင့်လင်းအောင်၊ ဖွံ့ဖြိုးအောင်၊ တိုးတက်အောင် ပြန်ကြားရေးဌာနက အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့တာပဲ။ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဆိုတာ သမ္မတကြီး ဦးသိန်းစိန် အစိုးရလက်ထက်မှာ ဖွဲ့လိုက်ပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာ စဖွဲ့တယ်။ NGO အဖြစ်နဲ့ အဖွဲ့ဖွဲ့ပြီးတော့ ပထမဆုံး လူ ကိုးယောက်နဲ့ ကော်မတီဖွဲ့လိုက်တယ်။ စာကြည့်တိုက်ထဲမှာ မြန်မာပြည်မှာ သမိုင်းတွင်တဲ့ စာကြည့်တိုက် တစ်ခုရှိတယ်။ သရက်မြို့လယ်ခေါင်က သဟာရ စာကြည့်တိုက်ဆိုတာ၊ အဲဒီ စာကြည့်တိုက်က ၁၉၄၆ ခုနှစ်ကတည်းက ထူထောင်ထားတာ၊ အဲဒီတော့ သရက်သူ သရက်သားတွေက ဗိုလ်ချုပ်အောင်ဆန်းဖွင့်ပေးတာဆိုပြီး ဂုဏ်ယူတယ်၊ အမှန်တကယ်တမ်းကျတော့ ဖွင့်ပွဲမလုပ်ခင်မှာ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၆ ခုနှစ်မှာပဲ ရောက်လာတယ်၊ စာကြည့်တိုက်ဆိုတော့ ဝင်ကြည့်တယ်၊ သဘောကျတယ်၊ အဲဒီတုန်းက စာကြည့်တိုက်ထားတဲ့၊ သိုတဲ့ ပုံစံ၊ သမိုင်းနဲ့ ပတ်သက်တဲ့ စာအုပ်တွေ သဘောကျတယ်၊ အဲဒီတော့ ဗိုလ်ချုပ်အောင်ဆန်းက ဒီလိုစာကြည့်တိုက်မျိုး မြန်မာတစ်ပြည်လုံးမှာရှိအောင် ကြိုးစားကြဖို့လိုတယ်ဆိုပြီး ဒီလိုမှတ်ချက်ပေးသွားတယ်။

ပြည်နယ်တွေမှာ၊ တိုင်းတွေမှာ စာကြည့်တိုက်တွေ ပေါများလာတဲ့အခါ အတွေ့အကြုံ ဖလှယ်ဖို့အတွက် စာကြည့်တိုက်မှူးများ ညီလာခံကို လေးကြိမ်ကျင်းပခဲ့ပါတယ်။ ဘဘတို့ရဲ့ စာကြည့်တိုက်ဖောင်ဒေးရှင်းရဲ့ လုပ်ငန်းသည် ရေတိုတာဝန်ယူပေမယ့် ရေရှည်စီမံကိန်းအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပါတယ်ဆိုတဲ့ မူဝါဒအပေါ်မှာ အခြေခံတဲ့ စာကြည့်တိုက်ဖောင်ဒေးရှင်းဖြစ်ပါတယ်။ ဘဘတို့ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက သိပ်ကို အားရှိသွားပြီ။ အစိုးရကလည်း ချီးမြှောက်တယ်၊ ရေရှည်စီမံချက် အရလည်းပဲ လှုပ်ရှားသင့်တာကို လှုပ်ရှားပါတယ်။ စာကြည့်တိုက်ဖောင်ဒေးရှင်းက အရှိန်အဟုန်နဲ့ ဆက်လက်လှုပ်ရှားကြဖို့တော့ဖြင့် အမှုဆောင် လူကြီးတွေအားလုံးက စိတ်အားထက်သန်နေကြပါတယ်။ အဲဒီလိုလေးပဲ သတင်းစကားပါးချင်ပါတယ်။

**(ဗိုလ်ချုပ်အေးကျော်) သီရိပျံ့ချီဘွဲ့**
**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဟောင်း (ဗိုလ်ချုပ်အေးကျော်)၏ ဇနီး ဒေါ်ခင်လှမူ**

ကျွန်မက ဗိုလ်ချုပ်အေးကျော်ဇနီးဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ခုလိုဘွဲ့ရတယ်ဆိုတဲ့အခါကျတော့ အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်။ အဘွားရဲ့ အမျိုးသား တာဝန်ထမ်းဆောင်ခဲ့တာက နေရာအနှံ့ပါပဲ။ တပ်ရင်းမှူးကတော့ မော်လမြိုင် ခမရ(၁၀၄) မှာ ဖြစ်ပါတယ်။ တပ်ရင်းမှူးဖြစ်ပြီးတော့ တစ်ခါ G-1 က ပုသိမ်မှာဖြစ်ပါတယ်။ ပုသိမ်ကနေပြီးတော့တစ်ခါ ရှေ့တန်းကတော့ အနှံ့အပြားပါပဲ။ ရှမ်းပြည်(မြောက်ပိုင်း)၊ (တောင်ပိုင်း)၊ ကရင်ပြည်နယ်က အစ အကုန်လုံးသွားခဲ့ရတယ်။ သူလုပ်ခဲ့ရတယ်၊ သူပင်ပန်းခဲ့ရပါတယ်။ နောက် လားရှိုးတိုင်းမှူး ဖြစ်ပါတယ်။ လားရှိုးတိုင်းမှူးကနေတစ်ခါ ပြန်ကြားရေးဝန်ကြီးဖြစ်တယ်။ အခုဆိုရင် သူဆုံးခဲ့တာ ၂၅ နှစ်ရှိပါပြီ။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်အတွက် သူက တာဝန်ကျေကျေနဲ့ အင်တိုက်အားတိုက် ကြိုးကြိုးစားစားနဲ့ လုပ်ပါတယ်။ အမျိုးသားအောင်ပွဲနေ့မှာ ကျွန်မ အမျိုးသားနဲ့အတူ အားလုံးဘွဲ့တွေရတယ်လို့ ကျွန်မသိရပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၆၉) နှင့် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း

နေပြည်တော် နိုဝင်ဘာ ၂၅

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၉)၏ သင်တန်းဆင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးရဲနိုင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ တက္ကသိုလ် သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ယနေ့ခေတ်တွင် ပညာရေးနှင့် ပတ်သက်သည့် စိန်ခေါ်မှုများစွာ ရှိနေပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပညာရေးသည် အလွန်အရေးပါသည့်အတွက် ဆရာက ကျောင်းသားကို ပို့ချရုံသက်သက်မဟုတ်ဘဲ သင်ယူမှုလွယ်ကူရန် ကူညီသူ၊ လမ်းညွှန်သူ၊ နည်းလမ်းပြသူ၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးသူများအဖြစ် ရပ်တည်ကြရန်နှင့် ဆရာဆိုသည်မှာ စာကိုလည်းသင်၊ စိတ်ကိုလည်း ပြင်ပေးရသူဖြစ်သည့်အတွက် ကျောင်းသင်ခန်းစာအပြင် စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာသိမ်မွေ့၍ ဂါရဝတရားရှိရေး၊ ရိုင်းပင်းကူညီတတ်ပြီး ပူးပေါင်းဆောင်ရွက်တတ်ရေးနှင့် အချင်းချင်း လေးစားတန်ဖိုးထားမှုများရှိရန် ပြုပြင်ပေးရမည်ဖြစ်ကြောင်း။

ထို့ပြင် သင်ကြားသင်ယူမှုဆိုင်ရာ အကြောင်းအရာအသစ်များကို စဉ်ဆက်မပြတ် လေ့လာ သင်ယူနေရုံသာမက ခေတ်စနစ်နှင့် လိုက်လျောညီထွေသော အတွေးအခေါ်၊ ဗဟုသုတများ တိုးတက်စေရေး အမြဲရှေးရှုဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၉၃ ဦး၊ သင်တန်းသူ ၃၇၈ ဦး စုစုပေါင်း ၄၇၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ နီလာခန်းမ၌ ကျင်းပသည့် အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများကို ဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာဘွဲ့လက်မှတ်များ အသီးသီး ချီးမြှင့်ပေးပါသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၈၀၊ သင်တန်းသူ ၁၁၀ စုစုပေါင်း ၁၉၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်း အခမ်းအနားများအပြီးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၏ စစ်ရေးပြလေ့ကျင့်နေမှုများ၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။

# ဘိုကလေးမြို့နယ်၌ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများ အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲပြီးဆုံး

**ဘိုကလေး နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီးဘိုကလေး မြို့နယ်ရှိ ဘိုကလေးပညာရေး ဒီဂရီကောလိပ်၌ နိုဝင်ဘာ ၃ ရက်မှ စတင်သည့် တိုင်းရင်းသား ဘာသာစကားသင် ဆရာ ဆရာမများ အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲ ပိတ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ မော်ကျွန်း၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ၊ လပ္ပွတ္တာမြို့နယ်များ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမ ၁၃၇ ဦး တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက တိုးတက်ပြောင်းလဲလာသော ပညာရေးကို မျက်ခြည်မပြတ် အစဉ်လေ့လာ သင်ယူပြီး မိမိတို့ကိုယ်တိုင် ထာဝရ ကျောင်းသားကြီးများ အဖြစ် ခံယူကြရန် လိုအပ်ကြောင်း၊ ပညာရေးစနစ် တိုးတက်မြင့်မားရေးအတွက် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါသည့်အတွက် ယခုကဲ့သို့ အရည်အသွေးမြှင့် သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း စာများများ ဖတ်ရှုပြီး တပည့်များကိုလည်း စာများများ ဖတ်ကြရန်၊ တိုက်တွန်းရန် လိုအပ်ကြောင်း၊ နာ သုံးနာကို အခြေခံ၍ တပည့်များ စံနမူနာ ထားရမည့် ဆရာ ဆရာမများ အဖြစ် သွားလာကျင့်ကြံနေထိုင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်အလိုက် သင်တန်းသား သင်တန်းသူများ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး (ဓာတ်ပုံ) အဆိုပါ သင်တန်းအတွက် ထောက်ပံ့ငွေ ကျပ်ငါးသိန်းကို ပေးအပ်ခဲ့ရာ ဘိုကလေး ပညာရေးဒီဂရီ ကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်မှ လက်ခံရယူခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



# တရုတ်နိုင်ငံဘက်မှ ကိုဗစ် - ၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးထားသည့်အတွက် ဖရဲသခွားမွှေး တင်ပို့ရောင်းချမှု အဆင်ပြေ

**ရန်ကုန် နိုဝင်ဘာ ၂၅**

တရုတ်နိုင်ငံဘက်မှ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်မှုများ ဖြေလျှော့ပေးထားသည့်အတွက် ဖရဲသခွားမွှေးတင်ပို့ရောင်းချမှု အဆင်ပြေနေကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနေသူများက ပြောသည်။

“ဖရဲ၊သခွားမွှေးသီး ဈေးကွက်အနေနဲ့ အခက်အခဲကတော့ တရုတ်ငွေဈေး အတက်အကျရယ်၊ တရုတ်ပြည်ဘက်မှာ (ကိုဗစ်-၁၉ ကူးစက်ပြန့်နှံ့မှု ထိန်းချုပ်စေရေးစီမံချက်အရ/ ကျန်းမာရေး အခြေအနေအရပ်ရပ်အရ) ကန့်သတ်ပိတ်ဆို့မှုတွေ လုပ်ထားတယ်ဆိုရင်သာ ကျွန်တော်တို့ မြန်မာပြည်ဘက်ကနေ စိုက်ပျိုးထွက်ရှိလာတဲ့ အသီးတွေ တင်ပို့ရောင်းချလို့ မရတာမျိုး ဖြစ်တတ်ကြုံတတ်တယ်။ အခုကာလမှာကတော့ လုံးဝ ဖြေလျှော့ပေးထားလို့ ဈေးကွက်တင်ပို့မှုတွေ လုပ်ဆောင်နေကြပါပြီ” ဟု တံတားဦးမြို့နယ်မှ ရွှေသခွားမွှေး စိုက်ပျိုးတင်ပို့ရောင်းချသူ ဦးခင်မောင်အေးက ပြောသည်။

ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်ရာတွင် တခြားသီးနှံများထက် စိုက်ပျိုးစရိတ် ပိုမိုကြီးမြင့်သော်လည်း ပြည်ပဈေးကွက် အခိုင်အမာရရှိထားသော သီးနှံအမျိုးအစားများဖြစ်သဖြင့် အမြတ်အစွန်းရရှိမှုမှာလည်း တွက်ခြေကိုက်မှုရှိကြောင်း သိရသည်။

“ဖရဲစိုက်တာထက်စာရင် သခွားမွှေးစိုက်တာက လုပ်သားအင်အားလည်း ပိုသုံးရတယ်။ ဒီနှစ်ဆိုလည်း အစစအရာရာ ဈေးမြင့်နေတဲ့အတွက် တစ်ဧကစိုက်စရိတ် ပျမ်းမျှက သိန်း ၈၀/ ၉၀ လောက် ကုန်ကျတယ်။ သို့သော်လည်း သူ့ဟာလေးနဲ့သူ အသီးလေးကလည်း ထွက်၊ ဈေးကွက်လည်း မဆိုး၊ အကျိုးအကြောင်းသင့်ရင် ရာဂဏန်းလောက်အထိ အမြတ်အစွန်းရရှိနိုင်ပါတယ်” ဟု ဦးခင်မောင်အေးက ပြောသည်။

လက်ရှိဈေးကွက်အနေဖြင့် မူဆယ်- ၁၀၅ မိုင်ရှိ သစ်သီးပွဲရုံများမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေကြပြီး၊ ဖရဲ၊ သခွားမွှေး တစ်ကီလိုပေါက်ဈေးများကို နေ့စဉ် တရုတ်ငွေ(ယွမ်) ပေါက်ဈေးဖြင့် တွက်ချက်ဝယ်ယူကြကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# စစ်ကိုင်းမြို့၌ အခြေခံမြားပစ်သင်တန်းဆင်း

**စစ်ကိုင်း နိုဝင်ဘာ ၂၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံမြားပစ်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၅ ရက်က ပိုးတန်းရပ်ကွက် အားကစားခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ရဲ့ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်မင်းသန်းက ကျေးဇူးတင်စကား ပြောကြားကာ သင်တန်းနည်းပြဆရာများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဆင့်တို့က သင်တန်းဆင်းလက်မှတ်များနှင့် မြားပစ်လက်ရည်စမ်းပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဆုများ ပေးအပ်ခဲ့ကြကာ လက်ရည်စမ်းမြားပစ်နေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

# ရေချိုးတာရေး နည်းလမ်းများ

- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# ဝါးလက်မှုသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ




နေပြည်တော် နိုဝင်ဘာ ၂၅

**လူမှုဝန်ထမ်းဦးစီးဌာန က Quick Win Project အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေအမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးစီမံချက် အကောင်အထည်ဖော်ရေးတွင် အသက်မွေးဝမ်းကျောင်း သင်တန်းပူးပေါင်းပါဝင်ဖွင့်လှစ်သော မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ ဝါးလက်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်တွင် ဥတ္တရသီရိမြို့နယ် ဇဝန နေ့ကလေးထိန်းကျောင်းခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ နေပြည်တော် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်သူဇာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများ၊ နေပြည်တော် လယ်ဝေးမြို့နယ် သာယာကုန်း ကျေးရွာနှင့် တပ်ကုန်းမြို့နယ် သကြားဟင်းအိုး ကျေးရွာတို့မှ သင်တန်းသူ ၂၀ တက်ရောက်ကြသည်။

သင်တန်းတွင် ဒုတိယဝန်ကြီးက **(ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေအမျိုးသမီးများ အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်)** ကို စီမံချက် (၁၊၂၊၃) အဆင့်ဆင့် သတ်မှတ်၍ နေပြည်တော် လယ်ဝေးမြို့နယ် သာယာကုန်း ကျေးရွာနှင့် တပ်ကုန်းမြို့နယ် သကြားဟင်းအိုး ကျေးရွာတို့တွင် ဆောင်ရွက်လျက်ရှိရာ စီမံချက် အဆင့်(၂)၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာသင်တန်းများအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းက ပူးပေါင်းပါဝင်ဆောင်ရွက်သည့် ဝါးလက်မှုသင်တန်းဖြစ်ပြီး သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော ဝါးများကို စနစ်တကျ အသုံးပြု၍ အိမ်တွင်းလက်မှုထည်ပစ္စည်းများ စနစ်တကျစီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန်အထိ ရည်ရွယ်သင်ကြားသည့် အစီအစဉ်ဖြစ်သည့်အတွက် မိသားစုဝင်ငွေ တိုးပွားစေမည့်အပြင် ဈေးကွက်စီမံခန့်ခွဲမှုကိုလည်း သိရှိနားလည်နိုင်မည်ဖြစ်၍ အကျိုးရှိသည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း၊ သင်တန်းသူများအနေဖြင့် တတ်မြောက်သည်မှ ပိုမိုဖန်တီးတီထွင်နိုင်သည်အထိ ကြိုးစားသင်ယူကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သင်တန်းနည်းပြက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ယခုဖွင့်လှစ်မည့် ဝါးလက်မှုသင်တန်းကို နိုဝင်ဘာ ၂၃ ရက်မှ ၂၉ ရက် အထိ ခုနစ်ရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုဝင်ဘာ ၂၁ ရက်က နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအနီး ပေါင်းလောင်းချောင်းအတွင်း လျာထားချက်ပြည့် ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးမျိုးစိုက်ထည့်မှုပိတ်သိမ်းပွဲ ပြုလုပ်ရာ နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေးနှင့် တာဝန်ရှိသူများက ရေဆင်းငါးစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၅၀၀၀၀၀ အား ငါးမျိုးစိုက်ထည့်ပေးခဲ့စဉ်။ သတင်းစဉ်

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှေ့ဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၉၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၀၆၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှေ့ဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၅၂၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၃၀၈ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန် အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*စာမျက်နှာ ၉ မှ*

**ဦးမြင့်ဆန်းဟာတ်၊ ဝိဇ္ဇာပညာထူးချွန် (တတိယဆင့်)**

ကျွန်တော့်ရဲ့ရည်ရွယ်ချက်က ဒီဆုရလို့ ကျွန်တော် ကြည်နူးတာထက် လေ့လာထားတဲ့ အကြောင်းအရာတွေကို နိုင်ငံတော်အနေနဲ့ အသိအမှတ်ပြုလိုက်တဲ့အတွက်ကြောင့် ပညာရှင်များ၊ သုတေသီများ၊ လူငယ်များကလည်း ကျွန်တော့်ကြိုးစားမှုအပေါ်မှာ သူတို့အခွင့်အရေးတွေရကြမယ်။ သမိုင်းကို လေ့လာတဲ့အခါမှာ ကျွန်တော်တို့ အဘက်ဘက်က အများကြီးကို လေ့လာရမယ်။ ကျောက်စာအရ ဘယ်လိုပြောသလဲ၊ ရှေးဟောင်းပစ္စည်းတွေက ဘယ်လိုပြောသလဲ၊ အကုန်လုံးလေ့လာပြီးတဲ့အခါမှာ ကိုယ်က ပြန်ပြီးတော့ realize ပြန်ပြီးတော့ လုပ်ရတယ်။ အထောက်အထားဆိုတာ အရေးကြီးတယ်။ မြန်မာနိုင်ငံသမိုင်းကို လေ့လာတဲ့အခါမှာ မြန်မာပညာရှင်တွေရေးတာတင် မဟုတ်ဘူး၊ တခြားနိုင်ငံက ပညာရှင်တွေကရော မြန်မာသမိုင်းကို ဘယ်လိုမြင်သလဲ။ အကောင်းဆုံး အခိုင်မာဆုံး အထောက်အထား ဒါတွေကို ရွေးထုတ်၊ ရွေးထုတ်ပြီးတဲ့အခါကျတော့ ဒါက ဖြစ်သင့်တယ်။ ဒါက မဖြစ်သင့်ဘူးဆိုတာ လေ့လာတဲ့သူတွေရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ realize လုပ်၊ ကျွန်တော်က အဲဒီလိုပဲ ဖြစ်စေချင်တယ်။ ဒါ ကျွန်တော့်ရဲ့ ဆန္ဒပါ။ လူငယ်လေးတွေ မျက်စိဖွင့်ကြပါ။ ဖုန်းလေး ကြည့်ပြီးတော့ ဒီအပေါ်မှာတင်ပဲ ကြည်နူးမနေကြပါနဲ့။ ဒါကိုယ့်ရဲ့ အနာဂတ်မဟုတ်ဘူး။ ကိုယ့်ရဲ့ အနာဂတ်က ဟိုးမှာ။ ဟိုးမှာဆိုတဲ့ အခါကျတော့ မော့ကြည့်ကြပါ။ မျက်လုံးဖွင့်ပါ။ အဝေးကို ကြည့်ပါ။ ကျွန်တော်ပြောချင်တာက ဒါပါပဲ။

**ဦးဘုန်းမြင့်တေဇာ(နည်းပြ)၊ လူမှုထူးချွန်(တတိယဆင့်) မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်**

(၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အနေနဲ့ နယ်ပယ်အသီးသီးက ပုဂ္ဂိုလ်အသီးသီးကို အခုလို ဘွဲ့တံဆိပ်တွေ ချီးမြှင့်ပေးတဲ့အတွက် ကျွန်တော်အပါအဝင် အားလုံး ဝမ်းသာပီတိ ဖြစ်ရပါတယ်။ မျိုးဆက်သစ်တွေကို ကျွန်တော်တို့ ဆက်လက်မွေးထုတ်ပြီးတော့ အောင်မြင်ဖို့အတွက် ကျွန်တော်တို့ အစွမ်းကုန် စွမ်းဆောင်နေပါတယ်။ အခုလို ဘွဲ့ထူး၊ ဂုဏ်ထူးတွေ ချီးမြှင့်ပေးတာဟာ လုပ်ငန်းခွင်နယ်ပယ်အသီးသီးမှာ ထူးချွန်ထက်မြက်လို့ နိုင်ငံတော်က ချီးမြှင့်တယ်လို့ပဲ ကျွန်တော် ယူဆပါတယ်။ ကျွန်တော်တို့လာမယ့် ဆီးဂိမ်း ဆီးဂိမ်းတိုင်း၊ အခုကမ္ဘောဒီးယားပြီးသွားရင် ထိုင်းဆီးဂိမ်းအတွက် ကျွန်တော်တို့ အခုကတည်းက ကြိုတင်ပြင်ဆင်ထားရပါတယ်။ ကနူးကယက်ဆိုတာ အချိန်ပေးရတယ်၊ နှစ်နှစ်၊ သုံးနှစ် အနည်းဆုံးအချိန်ပေးရတယ်။ အဲဒီအတွက် အခုကတည်းက ကျွန်တော်တို့က မျိုးဆက်သစ်တွေရှာပြီးတော့ နည်းစနစ်တကျနဲ့ သင်ကြားပေးနေပါတယ်။ ဆီးဂိမ်းမှာ ရွှေရဖို့အတွက် ရယ်၊ နောက်ပြီး ဒီကလေးတွေကနေ အောင်မြင်မှုတွေရလာရေး ကျွန်တော်တို့ လက်ရှိသင်ကြားပြသပေးနေတာ ဖြစ်ပါတယ်။ အခုလို ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက်လည်း အထူးပဲကျေးဇူးတင်ပါတယ်၊ ဝမ်းသာပီတိလည်း ဖြစ်ရပါတယ်။

**မသက်ဖြိုးနိုင် (ရိုးရာလှေ)၊ လူမှုထူးချွန်(ဒုတိယဆင့်) မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်**

အခု ဒီဆုကို ရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ဒီဆုရရှိခဲ့တာက ပြိုင်ပွဲတွေတိုင်းမှာ အစွမ်းကုန်ကြိုးစားခဲ့တဲ့အတွက် ရလာတဲ့ ဆုလာဘ်တွေအပေါ် မူတည်ပြီးတော့ နိုင်ငံတော်က ဆုချီးမြှင့်တယ်လို့လည်း မြင်ပါတယ်။ ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းမှာဆိုလည်း ရွှေ ငါးခု ရခဲ့တယ်။ မြန်မာဆီးဂိမ်းမှာ ဆိုရင်လည်း ရွှေ ၁၀ ခု၊ ကြေးတစ်ခု ရရှိခဲ့တယ်။ ဖိလစ်ပိုင် ဆီးဂိမ်းမှာလည်း ရွှေ တစ်ခု၊ ကြေး တစ်ခု ရရှိခဲ့တယ်။ အခု ဗီယက်နမ်ဆီးဂိမ်းမှာကျတော့ ကနူးကယက်လှေနဲ့ ကြေး သုံးခု ရရှိခဲ့ပါတယ်။ အဲဒီအတွက်လည်း နိုင်ငံတော်က ဆုချီးမြှင့်တယ်လို့ မြင်ပါတယ်။ အခုလို ဆုချီးမြှင့်ခံရတဲ့အတွက်ကြောင့် နောင်လာမယ့် မျိုးဆက်သစ်တွေလည်း ပြိုင်မယ့်ပြိုင်ပွဲတိုင်းကို စွမ်းစွမ်းတမံကြိုးစားကြပါ။ အောင်မြင်မှုတွေ ရရှိလာတဲ့အခါ နိုင်ငံတော်က ဆုချီးမြှင့်တဲ့အပြင် နိုင်ငံတော်က ချီးမြှင့်တဲ့ ဘွဲ့တံဆိပ်တွေပါ ရရှိတဲ့အတွက်ကြောင့် ပြိုင်တဲ့ပြိုင်ပွဲတိုင်းမှာလည်း အလေးထားပြိုင်စေချင်ပါတယ်။ ဒီလူမှုထူးချွန် ဒုတိယဆုကို ချီးမြှင့်ပေးတဲ့အတွက်ကြောင့်လည်း နိုင်ငံတော်က တာဝန်ရှိတဲ့ အကြီးအကဲတွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေကို ကျေးဇူးတင်ပါတယ်။

**သတင်းအဖွဲ့**

# အမျိုးသား အမျိုးသမီး တန်းတူညီမျှရှိစွာ လုပ်ငန်းရပ်များကို လုပ်ဆောင်နိုင်စေခြင်းဖြင့် နိုင်ငံအတွက် အင်အားများ ပိုမိုဖြစ်စေမည်

**မုံရွာ နိုဝင်ဘာ ၂၅**

၂၀၂၂ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

နိုင်ငံ့လူဦးရေတစ်ဝက်ကျော်ရှိသည့် အမျိုးသမီးထုစွမ်းအားကို နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရှိစေသည့် လုပ်ငန်းများတွင် ပါဝင်စေရန်လိုအပ်ကြောင်း၊ အမျိုးသား အမျိုးသမီး တန်းတူညီမျှရှိစွာ၊ သာတူညီမျှရှိစွာ လုပ်ငန်းရပ်များကို လုပ်ဆောင်နိုင်စေခြင်းဖြင့် စွမ်းအားအပြည့် နိုင်ငံအတွက် အင်အားများ ပိုမိုဖြစ်စေမည် ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု၏ ဆောင်ပုဒ်ဖြစ်သည့် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး" ခေါင်းစဉ်အတိုင်း အမျိုးသမီးများအပေါ် အကြမ်းဖက်နေသည့် အပြုအမူများကို အဆုံးသတ်စေရန်အတွက် အားလုံးပေါင်းစုကာ လှုပ်ရှားဆောင်ရွက်ပေးရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ အမျိုးသမီးငယ်များက Brake the Chain သီချင်းဖြင့် ကပြဖျော်ဖြေကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး Video Clip ကို ကြည့်ရှုအားပေးကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# MNL ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း လာမည့်နှစ်တွင် ပြည်ပကလပ်ပြိုင်ပွဲ နှစ်ခုယှဉ်ပြိုင်ခွင့်ရရှိမည်

**ရန်ကုန် နိုဝင်ဘာ ၂၅** -၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် လာမည့်နှစ်တွင်ကျင်းပမည့် ပြည်ပကလပ်ပြိုင်ပွဲနှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် ၂၀၂၃-၂၀၂၄ ရာသီ AFC Cup ပြိုင်ပွဲနှင့် အာဆီယံဘောလုံးအဖွဲ့ချုပ်က ပြန်လည်ကျင်းပရန် စီစဉ်နေသည့် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ လာမည့်ရာသီ AFC Cup ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကလပ်နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားပြီး ယခုနှစ်တွင် ရှုံးထွက်ပြိုင်ပွဲမကျင်းပနိုင်သဖြင့် အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အုပ်စုအဆင့်နှင့် ဒုတိယဆုရသည့် ရန်ကုန်ယူနိုက်တက်အသင်းက ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာကလပ်များသည် အာရှဘောလုံးအဖွဲ့ချုပ်က ပြုလုပ်သည့် ကလပ်ပြိုင်ပွဲများအနက် လာမည့်ရာသီမှစတင်ကာ AFC Cup ပြိုင်ပွဲတစ်ခုတည်းသာ ယှဉ်ပြိုင်ခွင့်ရတော့မည်ဖြစ်ပြီး အမှတ်ပေးချန်ပီယံအသင်းက အုပ်စုအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိကာ အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုရအသင်း သို့မဟုတ် ရှုံးထွက်ချန်ပီယံအသင်းက ခြေစစ်ပွဲအဆင့်မှစတင် ယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း သိရသည်။ **ရဲရင့်လွင်**

# မြန်မာ့လက်ရွေးစင်အသင်း ကစားသမား ၂၅ ဦး ရွေးချယ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီပေးသည် ၂၀၂၂ AFF Cup ပြိုင်ပွဲအကြို သွားရောက်မည့် ထိုင်းခြေစမ်းခရီးစဉ်အတွက် ကစားသမား ၂၅ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

အန်တွမ်နီပေး ရွေးချယ်ထားသည့် ကစားသမား ၂၅ ဦးတွင် **ဂိုးသမား**- ကျော်ဇင်ဖြိုး (ရှမ်းယူနိုက်တက်)၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ ထွန်းနန္ဒဦး (မြဝတီ)၊ **နောက်တန်း** - ကျော်ဇင်လွင်၊ နန္ဒကျော်၊ ရဲမင်းသူ (ရှမ်းယူနိုက် တက်)၊ ဒေးဗစ်ထန်၊ သီဟထက်အောင်၊ ဟိန်းဇေယျာလင်း (ရန်ကုန်)၊ ဝင်းမိုးကျော် (ဟံသာဝတီ)၊ ဇော်ရဲထွန်း (ရတနာပုံ)၊ ဝေယံဦး၊ သက်ဝေမိုး (မြဝတီ)၊ **အလယ်တန်း** - ကျော်မင်းဦး၊ ရန်နိုင်ဦး (ရန်ကုန်)၊ မြတ်ကောင်းခန့် (ရှမ်းယူနိုက်တက်)၊ လှိုင်းဘိုဘို၊ ရဲရင့်အောင် (ရတနာပုံ)၊ အောင်နိုင်ဝင်း (ရှောဝတီ)၊ လင်းထက်စိုး၊ ဝေလင်းအောင် (အား/ကာသိပ္ပံ)၊ **ရှေ့တန်း**- ဝင်းနိုင်ထွန်း (ရန်ကုန်)၊ နိုင်ဇင်ထက် (မြဝတီ)၊ ရန်ကျော်ထွေး (ရှောဝတီ) နှင့် အီစိုးတို့ ပါဝင်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ပြည်တွင်းလိဂ်တွင် ခြေစွမ်းပြခဲ့သည့် ကစားသမား ၄၀ ကျော်ကို ပဏာမအဆင့် ရွေးချယ်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားစေခဲ့ပြီး နိုဝင်ဘာ ၂၄ ရက်တွင် ကစားသမား ၂၅ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယင်းကစားသမားများကို ထိုင်းခြေစမ်းခရီးစဉ်သို့ ခေါ်ဆောင်သွားပြီး ပြည်ပကလပ်များတွင် ကစားနေသူများဖြင့် ပေါင်းစပ်ကာ ၂၀၂၂ AFF Cup ပြိုင်ပွဲအတွက် ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အန်တွမ်နီပေးသည် ပြည်ပကလပ်များတွင် ကစားနေသူများအနက် လက်ရွေးစင်အသင်း၌ ရွေးချယ်ထားသူစာရင်းကို ထုတ်ပြန်ခြင်းမရှိသေးပေ။

မြန်မာ့ လက်ရွေးစင်အသင်း သည် ထိုင်းနိုင်ငံ၌ နှစ်ပတ်ဝန်းကျင် သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဥဩချောင်ရပ်ကွက်နေ ကောင်းဇာနည်(ခ)ကောင်းကောင်းသည် ၎င်းအသုံးပြုသည့် "Kaung Zarni" Facebook အကောင့်၊ အောင်ပင်လယ်ရပ်ကွက်နေ ဝေမာမြင့်သည် ၎င်းအသုံးပြုသည့် "Wai Mar Myint" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ကျော်နိုင်ဦးနှင့် ၎င်း၏ဇနီးဖြစ်သူ ခင်ဆွေလှိုင်တို့သည် ၎င်းတို့အသုံးပြုသည့် "Kyaw Naing Oo" Facebook အကောင့်၊ "Khin Swe Hlaing" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မိုးညှင်းနှင့် နမ့်စန်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာရှိ ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် ဝင်းမင်းဦး (ခ) ပြာလောင် မောင်းနှင်ပြီး သက်လွင်ထွန်း(ခ) ကိုသက် လိုက်ပါလာသည့် Mitsubishi Fuso အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ Ammonium Nitrate ကီလို ၂၀၀၀ ကိုလည်းကောင်း (ဝဲပုံ)၊ အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာအုပ်စု နမ့်မော်ခေါက်ဆင့်ကျေးရွာအနီး နမ့်စန်-ခိုလမ်သွားကားလမ်းတွင် စိုင်းကျော်ခေါင် မောင်းနှင်လာသည့် Mitsubishi Triton အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းညိုမှုန့် ကီလို ၆၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# နယူးယောက်မြို့၌ ကျေးဇူးတော်နေ့အခမ်းအနားကို ကိုဗစ်-၁၉ ကန့်သတ်ချက်များမရှိဘဲ ကျင်းပ

**နယူးယောက် နိုဝင်ဘာ ၂၅**

နှစ်စဉ် ကျင်းပနေကျဖြစ်သည့် ကျေးဇူးတော်နေ့ စီတန်းလှည့်လည်ပွဲကို နယူးယောက်မြို့တွင် ကိုဗစ် -၁၉ စည်းကမ်း ကန့်သတ်ချက်များ မရှိဘဲ ကျင်းပခဲ့ရာ ကြည့်ရှုသူပေါင်း များစွာကို ဆွဲဆောင်နိုင်ခဲ့သည်။

ကျေးဇူးတော်နေ့ စီတန်းလှည့်လည်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် ဖျော်ဖြေမှုများဖြင့် မက်ဟက်တန်တွင် ပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်က ကိုဗစ် - ၁၉ ကြောင့် ဖျက်သိမ်းခဲ့ရသည်။ ပြီးခဲ့သည့်နှစ်ကမူအဆိုပါ ပွဲတော်ကို ကျင်းပခွင့်ရခဲ့သော်လည်း ပါဝင်ဆင်နွှဲသူများကို ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ရန် စည်းကမ်းချက်များ ထုတ်ထားခဲ့သည်။

အဆိုပါပွဲသို့ ပထမဆုံး လာရောက်ကြည့်ရှုသည့် အထက်တန်း ကျောင်းသူတစ်ဦးကမူ ပွဲတော်၌ လူများ အတူတကွ စည်စည်ကားကား ပါဝင်နိုင်သည့်အတွက် အမှန်ပင်ကောင်းမွန်ကြောင်း ပြောသည်။

အားလပ်ရက် ရာသီအတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည့်အတွက် ကိုဗစ် -၁၉ နှင့် တုပ်ကွေးရောဂါကို ကာကွယ်နိုင်ရေး ကာကွယ်ဆေးထိုးကြရန် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြည်သူများကို တိုက်တွန်းထားသည်။ **ဆင်ဟွာ**



ကျေးဇူးတော်နေ့ စီတန်းလှည့်လည်ပွဲကို နိုဝင်ဘာ ၂၄ ရက်က နယူးယောက်မြို့တွင် ပြုလုပ်နေစဉ်။

# လာမည့်သီတင်းပတ်အတွင်း အအေးလွန်ကဲလာနိုင်ကြောင်း မွန်ဂိုလီးယားသတိပေး

**အူလန်ဘာတော နိုဝင်ဘာ ၂၅**

မွန်ဂိုလီးယားနိုင်ငံ ဒေသတော်တော်များများတွင် ညအပူချိန် အနုတ် ၃၉ ဒီဂရီစင်တီဂရိတ်မှ အနုတ် ၄၇ ဒီဂရီစင်တီဂရိတ်ရှိမည်ဖြစ်ကြောင်းခန့်မှန်းမှုနှင့်အတူ နိုဝင်ဘာ ၂၈ ရက်မှစကာ သီတင်းတစ်ပတ်လုံး အလွန်အအေးပိုလာမည်ဟု ခန့်မှန်းထားကြောင်း နိုင်ငံမိုးလေဝသ အေဂျင်စီက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ အရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် ဆီးနှင်းများ ထူထပ်ပြီး မုန်တိုင်းများ ကျရောက်နိုင်သဖြင့် ပြည်သူများ အထူးသဖြင့် အိမ်ခြေမဲ့များနှင့် ယာဉ်မောင်းနှင်သူများကို ဖြစ်နိုင်ခြေရှိသည့် ဘေးအန္တရာယ်များကို သတိရှိကာကွယ်ရန် မိုးလေဝသအေဂျင်စီ က တိုက်တွန်းထားသည်။

မွန်ဂိုလီးယား ရာသီဥတုသည် အေးခဲသည့်ဆောင်းရာသီကြာရှည်မှုနှင့်အတူ ကုန်းမြင့်များ ထူထပ်ပြီး ဆောင်းရာသီတွင် အပူချိန် အနုတ် ၂၅ ဒီဂရီစင်တီဂရိတ်ရှိကြောင်း သိရသည်။ တစ်နှစ်ပတ်လုံး နိုင်ငံအတွင်း ရာသီဥတု မတည်ငြိမ်မှုဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



## နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ကမ္ဘောဒီးယားနှင့် လာအိုအမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ ကတိပြု

**ဖနောင်ပင် နိုဝင်ဘာ ၂၅**

အပြန်အလှန်အကျိုးအမြတ်အတွက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ နိုဝင်ဘာ ၂၅ ရက်တွင် ကတိပြုခဲ့ကြောင်း ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်ဟန် ဆမ်ရင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ အလည်အပတ်ရောက်ရှိနေသည့် လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဆေဆမ်ဖုန်း ဖွန်းဗီဟာနေးတို့ တွေ့ဆုံစဉ် ကတိပြုပြောကြားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ၎င်းတို့ သက်ဆိုင်ရာနိုင်ငံများတွင် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြခဲ့ကြောင်း သိရသည်။

လာအိုအမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဖွန်းဗီဟာနေးသည် ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဆမ်ရင်၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကမ္ဘောဒီးယားနိုင်ငံသို့ နှစ်ရက်ကြာ တရားဝင် အလည်အပတ်ခရီး သွားရောက်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်ပြည်တွင်းထုတ် ကိုဗစ် - ၁၉ သောက်ဆေး ဇိုကိုဗာ ကို ကျယ်ကျယ်ပြန့်ပြန့် စတင်ဖြန့်ဝေတော့မည်

**တိုကျို နိုဝင်ဘာ ၂၅**

ဂျပန်နိုင်ငံတွင် ပြည်တွင်းထုတ် ကိုဗစ် -၁၉ သောက်ဆေး ဇိုကိုဗာကို လာမည့် နိုဝင်ဘာ ၂၈ ရက်မှစတင်ကာ ကျယ်ကျယ်ပြန့်ပြန့် စတင်ဖြန့်ဝေရန် စီစဉ်ထားသည်ဟု သိရသည်။ ကနဦးစီစဉ်ထားသည့် အချိန်ထက်စောစွာ ဖြန့်ဝေတော့မည်ဖြစ်သည်။

အဆိုပါဆေးကို ဂျပန်အစိုးရက နိုဝင်ဘာ ၂၂ ရက်တွင် ခွင့်ပြုပေးခဲ့သည်။ ဆေးဝါးကုမ္ပဏီ ရှီအိုနိုဂီက ထုတ်လုပ်ထားသည့် ဆေးဝါးလည်းဖြစ်သည်။ အဆိုပါဆေးဖြင့် ကိုဗစ် -၁၉ အပျော့စား လက္ခဏာများကို ကုသရာတွင် အသုံးပြုနိုင်သည်။ လူဦးရေတစ်သန်းခန့်ကို ဖြန့်ဝေပေးနိုင်မည့်ဆေးများ လက်ဝယ်ရောက်ရှိနေပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ကာတိုခတ်ဆိုနိုဘူက နိုဝင်ဘာ ၂၅ ရက်တွင် ပြောသည်။ အဆင်ပြေချောမွေ့စွာ ဖြန့်ဝေနိုင်ရေးအတွက်လည်း စီစဉ်ထားကြောင်း သိရသည်။

ဒီဇင်ဘာလအတွင်း ကိုဗစ် -၁၉သောက်ဆေး ဇိုကိုဗာကို ဖြန့်ဝေရန် ကနဦးစီစဉ်ထားသော်လည်း နိုဝင်ဘာ ၂၈ ရက်တွင် ဖြန့်ဝေရန် အချိန် ရွှေ့ပြောင်းခဲ့သည်။ ဆေးဘက်ဆိုင်ရာ အဆောက်အအုံပေါင်း ၂၉၀၀ ခန့်ကို ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ အဆိုပါဆေးကို လျင်မြန်စွာ ခွင့်ပြုချက်ပေးလိုက်ခြင်းနှင့် ဆေးဝါး၏ အစွမ်းထက်လုံခြုံစိတ်ချရမှုအကြား ဟန်ချက်ညီ မညီ ကျွမ်းကျင်ပညာရှင်များက ထောက်ပြကြသည်။ အနာဂတ်တွင် အရေးပေါ်သုံးစွဲခွင့်အတွက် ခွင့်ပြုချက်ပေးမှုများအား မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို ဆွေးနွေးသွားလိုကြောင်း ကာတိုက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားငလျင်ကြောင့် သေဆုံးသူ ၃၁၀ အထိ ရှိလာ

**ဂျကာတာ နိုဝင်ဘာ ၂၅**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ နိုဝင်ဘာ ၂၁ ရက် ငလျင်ကြောင့် အဆောက်အအုံများ ပြိုကျပြီး အပျက်အစီးများ တောင်ပုံရာပုံ ဖြစ်ကုန်သည်။ ငလျင်ဒဏ်မှ အသက်ရှင်သန် ကျန်ရစ်သူရှိနေဦးမည်ဆိုသည့် မျှော်လင့်ချက်ဖြင့် ရှာဖွေကယ်ဆယ်မှုများ လုပ်ဆောင်လျက်ရှိသည်။ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာအေဂျင်စီက ယခုအချိန်အထိ သေဆုံးသူ ၃၁၀ ရှိလာပြီဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

ငလျင်ဒဏ်ကြောင့် လူပေါင်း ၂၀၀၀ ခန့် ဒဏ်ရာရရှိခဲ့ပြီး လူပေါင်း ၃၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ ထို့အပြင် အိမ်ပေါင်း ၂၂၀၀၀ ကျော်နှင့် အခြားအဆောက်အအုံများ ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့သည်။ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ငလျင်ဒဏ်ဆိုးရွားစွာ ခံစားနေရသော ဆင်ဂျာဒေသသို့ နိုဝင်ဘာ ၂၄ ရက်က လာရောက်ကြည့်ရှုသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း များသည် မိမိတို့၏ ဦးစားပေးလုပ်ငန်းဖြစ်ကြောင်း ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၅၉၉၂ ဦးတွေ့ရှိ

**မော်စကို နိုဝင်ဘာ ၂၅**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူသစ် ၅၉၉၂ ဦး တွေ့ရှိသဖြင့် နိုင်ငံတစ်ဝန်း ရောဂါကူးစက်ခံရသူ ပေါင်း ၂၁၅၆၂၇၅၈ ဦးရှိကြောင်း တရားဝင်စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။



တစ်နိုင်ငံလုံး ကိုဗစ်-၁၉ရောဂါကြောင့် ထပ်မံသေဆုံးသူ ၅၆ ဦးရှိလာသဖြင့် သေဆုံးသူ ၃၉၁၇၃၆ ဦးအထိ တိုးလာကြောင်း၊ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၃၃၇ ဦးရှိလာမှုနှင့်အတူ ပြန်လည်ကျန်းမာလာသူ ပေါင်း ၂၀၉၇၂၇၆၆ ဦးရှိကြောင်း အဆိုပါ စင်တာက ပြောကြားသည်။

မော်စကိုမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူသစ် ၁၀၇၄ ဦးရှိသဖြင့် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၂၅၁၄၄၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ အက်ဒမန် ပင်လယ်ပြင်မှတစ်ဆင့် ပြည်ပသို့သယ်ဆောင်မည့် ငွေကျပ် ၃၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) တစ်တန် ဖမ်းဆီးရမိ



သိမ်းဆည်းရမိသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။



သိမ်းဆည်းရမိသည့် အိုက်စ် (မက်သ်အဖက်တမင်း) များနှင့် ပြစ်မှုကျူးလွန်သူ ၁၃ဦးကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ အက်ဒမန်ပင်လယ်ပြင်မှတစ်ဆင့် ပြည်ပသို့ သယ်ဆောင်မည့် ငွေကျပ် ၃၀ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) တစ် တန် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် ည ၁၀ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် အိုက်စ်(မက်သ်အဖက်တမင်း)များကို ပင်လယ်ပြင်သို့ သယ်ဆောင်မည့်အဖွဲ့ ရောက်ရှိနေကြောင်း သတင်းအရ အတည်ပြုရှာဖွေဖော်ထုတ်ခဲ့ရာ မြိတ်မြို့နယ် လယ်ကယ်ကျေးရွာအနီးတွင် အိုငယ်(ခ)ခင်ကျော်နိုင်ကို FUSO ခြောက်ဘီး မော်တော်ယာဉ် တစ်စီး၊ Toyota Celsior မော်တော်ယာဉ် တစ်စီးနှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ FUSO ခြောက်ဘီး ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၃၀ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)တစ်တန်သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အိုက်စ်(မက်သ်အဖက်တမင်း) များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ဘောမ်ထန် (ခ) ဘောမ်ဆောင်၊ ရှရွယ်(ခ)အလာနှင့် ဘောမ်ဇုန်းတို့ သုံးဦးကို နိုဝင်ဘာ ၁၀ ရက်တွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် အမှတ်(၁)ဇောတံတား၌လည်းကောင်း၊ ဇော်တွယ်နှင့် လွမ်းဟူတို့ နှစ်ဦးကို မြိတ်မြို့ ကလွင်ကျေးရွာ၌ Caldina မော်တော်ယာဉ် တစ်စီး၊ Nissan AD VAN မော်တော်ယာဉ် တစ်စီးနှင့် လည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်၌ သန့်ဇင်နှင့် ဇနီးဖြစ်သူ မအေးမြတ်စန္ဒာထွန်း တို့အား ရေဖြူမြို့နယ် မလွဲတောင်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ Nissan မော်တော်ယာဉ် တစ်စီးနှင့်လည်းကောင်း၊ စောအောင်နှင့် သီဟတို့ကို ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက်ရှိ တည်းခိုခန်း၌လည်းကောင်း၊ သန့်ဇင်ဦးအား တွံတေးမြို့နယ် ခလောက်ခလူးကျေးရွာရှိ ၎င်း၏နေအိမ်၌ လည်းကောင်း၊ မြင့်ဇော်ဦးအား ဒဂုံဆိပ်ကမ်းမြို့နယ် (၈၈) ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌လည်းကောင်း၊ အိုက်စ်(မက်သ်အဖက်တမင်း) များ တာဝန်ခံသယ်ဆောင်သူ ဇော်ဂျီ(ခ)အားချင်းကို နိုဝင်ဘာ ၁၅ ရက်တွင် လားရှိုးမြို့ အမှတ်(၅) ရပ်ကွက်၌လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် အက်ဒမန်ပင်လယ်ပြင် ရေကြောင်း အသုံးပြု၍ ပြည်ပသို့ ဆက်လက် သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ ၁၃ ဦးကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ မိုဘိုင်းလ်ဖုန်းအပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသည့် မိုဘိုင်းလ်ဖုန်း အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၂၆၆၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

အလားတူ အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ လှည့်ကင်း တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုး-မူဆယ် လမ်းမကြီးဘေး ပန်စုံကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်တွင် တရားမဝင် နံ့သာနီသစ် ၁ ဒသမ ၀၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၀၄၀၀၀၀)နှင့် အဆိုပါ သစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈၀၄၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာအနီး၌ တရားမဝင် သင်္ဂဒူခွဲသား ၀ ဒသမ ၉၀၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**သစ်တောဥပဒေနှင့်အရေးယူ**

ထို့အပြင် နိုဝင်ဘာ ၂၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၅ ဒသမ ၁၅၄၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၃၁၇၁) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့ သုံးဘီးဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူပင် နိုဝင်ဘာ ၂၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး **(အောက်ဝဲပုံ)** အကောက်ခွန် လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**တရားမဝင်ကျွန်းသစ်ဖမ်းမိ**

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ် ၁ ဒသမ ၇၈၄၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၁၂၅၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၆၀၇၄၂၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၂၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၈၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၂၆,၁၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၁၃၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၅၇၆) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့်(၃၄) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၁-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၀၅ | ၂၉၂၀ |
| 95 Ron | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၈၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၂၀ | ၂၄၃၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၆၅ | ၂၆၈၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၀၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၄၉၅ | ၂၅၀၅ | ၂၅၄၀ | ၂၅၄၀ | ၂၅၄၅ | ၂၇၆၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၅ | ၁၉၇၇ |
| 95 Ron | ၂၀၀၇ | ၂၀၈၁ |
| HSD (500 ppm) | ၂၂၇၃ | ၂၃၄၈ |
| HSD (50 ppm) | ၂၃၄၇ | ၂၄၂၃ |
| HSD (10 ppm) | ၂၃၄၇ | ၂၄၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# စာဆိုတော်နေ့မှသည် အမျိုးသားစာပေ မြင့်မားရေး

*မေတ္တာမိုးနှင်း (ပဲခူး)*

**ပုဂံခေတ်ကျောက်စာများတွင် နတ်တော်လကို "နတ္တာဝ်၊ နတ်တာဝ်" စသည်ဖြင့် အမျိုးမျိုးရေးထိုးခဲ့ကြပေသည်။ ထိုလကို ဗေဒင်အခေါ်အားဖြင့် "ဓနု" ရာသီဟု ခေါ်သည်။ "ဓနု" ဟူသော ပါဠိပုဒ်ကား "လေး" ဟု အဓိပ္ပာယ်ရ၏။ ရာသီရုပ်မှာ လေးဆွဲသော ယောကျ်ားသဏ္ဍာန်ဖြစ်သည်။ နတ်တော်လ၏နက္ခတ်မှာ"မိဂသီ" နက္ခတ်ဖြစ်ပြီး ရာသီပန်းသည် ဂမုန်းပန်းနှင့် သဇင်ပန်းတို့ဖြစ်သည်။ တော်ဝင်သဇင်ပန်းများဖူးပွင့်ကြသည့် နတ်တော်လရာသီတွင် ရှေးမြန်မာဘုရင်များသည် မဟာဂီရိနတ်ပွဲ၊ မဟာပိန္နဲနတ်ပွဲနှင့် ဆင်ဖမ်းပွဲများကို ကျင်းပလေ့ရှိကြသည်။ ထို့ကြောင့် "နတ်တော်ခါမှီ၊ ဓနုချီ၊ မိဂသီရောင်စုံဆန်း၊ သဇင်ဖူးအင်၊ ဂမုန်းအင်၊ သဘင်ဆင်တော်ဆန်း"ဟု ကင်းဝန်မင်းကြီးဦးကောင်းက နတ်တော်လသံပေါက်ကဗျာကို ရေးဖွဲ့ခဲ့ပါသည်။ ယခုခေတ်တွင် နတ်ပူဇော်ပွဲများအစား "စာဆိုတော်ပွဲ"များ ကျင်းပကြ၍ နတ်တော်လကို စာဆိုတော်လရာသီဟု ခေါ်လေသည်။ နတ်တော်လသည် နေ့တာတို၍ ညတာရှည်သောလဖြစ်သည်။**

နတ်တော်လ၏ အဓိပ္ပာယ်မှာ အရှင်နတ်မင်း (နတ်တော်) များကို ပူဇော်ပသသောလဟု ဆိုလိုသည်။ နတ်ပူဇော်ပွဲ ကျင်းပသောလဖြစ်သောကြောင့် မြန်မာမှုတွင် နတ်တော်လဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။ ပုဂံမင်းအဆက်ဆက်တို့ ပုပ္ပားတောင်သို့ တက်၍ မဟာဂီရိနတ်ပူဇော်ပွဲကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။ အနော်ရထာမင်း နန်းတက်စဉ် နတ်ကိုးကွယ်မှုကို နှိမ်နင်းဖျက်သိမ်း၍ ဗုဒ္ဓဘာသာကို ကိုးကွယ်စေခြင်းဖြင့် စာပေဖြင့် ကျော်ကြားသော ရဟန်းရှင်လူ စာဆိုများကို ချီးမြှင့်ခြင်း၊ ပူဇော်ကန်တော့ခြင်းများ ပြုလုပ်ပြီး စာဆိုတော်ပွဲအဖြစ် ကျင်းပကြသည်။

**စာရေးဆရာများအစည်းအရုံး**

နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့သည် စာဆိုတော်နေ့ဖြစ်သည်။ ယင်းစာဆိုတော်နေ့ကို ၁၃၀၆ ခုနှစ် ဂျပန်ခေတ်တွင် ပညာရေးဝန်ကြီး ဦးလှမင်း၊ ဒီးဒုတ်ဦးဘချို၊ သူကြီးဂေဇက် ဦးခင်မောင်၊ ဦးသိန်းဟန်(ဇော်ဂျီ)၊ ဦးကောင်း၊သူရိယ ဦးသိမ်းမောင်၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဇဝန၊ မြို့မဆရာဟိန် စသော မြန်မာနိုင်ငံ စာရေးဆရာများအသင်း အမှုဆောင်အဖွဲ့နှင့် စာပေဆိုင်ရာလူကြီးများ ညှိနှိုင်းသတ်မှတ်ခဲ့ကြခြင်း ဖြစ်သည်။ စာဆိုတော်နေ့ကို စာရေးဆရာများအသင်း ဖွဲ့စည်းပြီးနောက် လေးနှစ်မြောက်တွင်မှ သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ခရစ်နှစ် ၁၉၃၉ ခုနှစ် မတိုင်မီက စာရေးဆရာများအသင်းဟူ၍ မရှိသေးဘဲ စာရေးဆရာအချို့ ဖွဲ့စည်းထားသော"ကလောင်အဖွဲ့" တစ်ခုသာ ရှိခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အင်္ဂလိပ် စာရေးဆရာကြီး အိပ်၊ ဂျီ၊ ဝဲလ် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်လာသောအခါ စာရေးဆရာများက စုပေါင်း၍ ကျင်းပသော ညှော့ခံပွဲနှင့် ဆရာကြီး ပီမိုးနင်း ကွယ်လွန်၍ ဈာပနကိစ္စတို့တွင် စာရေးဆရာများ စုစည်းမိကြရာမှ ဒီးဒုတ်ဦးဘချို ဦးဆောင်၍ စာရေးဆရာများအသင်းကို ထူထောင်ကြသည်။ မူလက "မြန်မာနိုင်ငံ စာရေးဆရာများ အစည်းအရုံး" ဟု ခေါ်တွင်ခဲ့သည်။ ဂျပန်ခေတ်တွင် စာရေးဆရာများအသင်းကို ပြန်လည်စုစည်းခဲ့ပြီးလျှင် "မြန်မာနိုင်ငံ စာရေးဆရာများအသင်း" ဟု မှည့်ခေါ်ခဲ့သည်။

**စာဆိုတော်နေ့ဖြစ်ပေါ်လာပုံ**

ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် မြန်မာနိုင်ငံ ပညာ့တံခွန်အသင်း၏ ဌာနခွဲကို ကွမ်းခြံကုန်းမြို့၌ ဖွင့်လှစ်ထားခဲ့သည်။ ကွမ်းခြံကုန်းမြို့ရှိ မြန်မာနိုင်ငံ ပညာ့တံခွန်အသင်း၏ ဌာနခွဲသည် ၁၉၄၄ ခုနှစ် နှစ်ဦးပိုင်းတွင် စာဆိုဦးပုညကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် အခမ်းအနားတစ်ရပ်ကို ကျင်းပနိုင်ခဲ့သည့်ပြင် မြန်မာနိုင်ငံအရပ်ရပ်တွင်လည်း ဦးပုညနေ့ အထိမ်းအမှတ်ပွဲများ ကျင်းပရန် လှုံ့ဆော်ခဲ့လေသည်။ ထိုအခါက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ပညာ့တံခွန်အသင်းနှင့်တကွ ထိုကာလ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ဦးပုညနေ့ အထိမ်းအမှတ် ကျင်းပရေးကိစ္စကို အရေးယူဆောင်ရွက်သောအားဖြင့် ၁၉၄၄ ခုနှစ် မေလ ၁၂ ရက်တွင် ပညာ၊ ကျန်းမာ၊ စည်ပင်သာယာဌာနဝန်ကြီး၏ ရုံးခန်း၌ အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့သည်။

ထိုအစည်းအဝေးက ဦးပုညနေ့ဟူ၍ စာဆိုတစ်ဦးတည်းကို ဂုဏ်ပြုရည်ညွှန်းသော နေ့တစ်နေ့အဖြစ် သတ်မှတ်ကျင်းပမည့်အစား စာဆိုတော်အားလုံးကို ဂုဏ်ပြုရည်ညွှန်းသော နေ့တစ်နေ့ သတ်မှတ်သင့်ကြောင်း စာဆိုတော်နေ့သတ်မှတ်ရေးကိစ္စကို ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ တစ်ဆက်တည်းပင် မည်သည့်ကာလ အပိုင်းအခြားကို စာဆိုတော်နေ့အဖြစ် သတ်မှတ်သင့်ကြောင်း ဆွေးနွေးကြရာ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ထိုအခါမှစ၍ စာဆိုတော်နေ့ စတင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်လေသည်။ ထိုအစည်းအဝေးမှာပင် ထိုနှစ် ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့မှစ၍ စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲ ကျင်းပရန်၊ ယင်းအထိမ်းအမှတ်ပွဲအဖြစ် စာပေဟောပြောပွဲများ ကျင်းပရန်၊ ရက်သတ္တတစ်ပတ်လုံး စာပေအကြောင်း အရာအမျိုးမျိုး အသံလွှင့်ရန် စသည်တို့ကို စဉ်းစားဆွေးနွေးကြသည်။ ထိုကိစ္စများကို အသေးစိတ်ဆွေးနွေးရန် သခင်ကိုယ်တော်မှိုင်းခေါင်းဆောင်သော နာယကအဖွဲ့နှင့် ဦးဖေမောင်တင် ဥက္ကဋ္ဌအဖြစ် ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့လေသည်။

**ပထမဆုံးအကြိမ် စာဆိုတော်နေ့**

ပထမဆုံးအကြိမ် စာဆိုတော်နေ့အဖြစ် နတ်တော်လဆန်း ၁ ရက်နေ့ နံနက်ပိုင်းတွင် ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံ၌ သက်ရှိစာဆိုတော်ကြီးများကို စာရေးဆရာများက လက်အုပ်ချီကန်တော့ခဲ့ကြပြီး ညနေပိုင်းတွင် ဗမာ့ခေတ်သတင်းစာတိုက်၌ မိတ်ဆုံလက်ဖက်ရည်ပွဲ တည်ခင်းသုံးဆောင်ကာ ညပိုင်းတွင် မြိုင်ပြဇာတ်ရုံ၌ ပဒေသာကပွဲ ကပြဖျော်ဖြေခဲ့သည်။ ထိုပထမဆုံးအကြိမ် စာဆိုတော်နေ့ အထိမ်းအမှတ် ပဒေသာကပွဲတွင် ဦးပုည၏ ဝိဇယပြဇာတ်လာဇာတ်ဝင်ခန်း တစ်ခန်းသည်လည်း ကပွဲအစီအစဉ်တစ်ခုအဖြစ် ပါဝင်ခဲ့သည်။ ထိုဇာတ်ဝင်ခန်းကို အခြေပြု၍ ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဝိဇယပြဇာတ်ကို ဇာတ်ကြီးအဖြစ် ကပြခဲ့လေသည်။ ထိုစဉ်က ဝိဇယပြဇာတ် ကပြမှုသည် နိုင်ငံရေးအရ ဖက်ဆစ်ဆန့်ကျင်ရေး လှုံ့ဆော်မှုတစ်ရပ်ဖြစ်သည့်အလျောက် အောင်မြင်မှုရခဲ့လေသည်။ ၁၉၄၅ ခုနှစ်တွင်မူ စာဆိုတော်နေ့ အခမ်းအနားကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပခဲ့သည်။ ထိုနှစ် စာဆိုတော်နေ့တွင် ပညာရှိစာဆိုအမတ်ကြီး ဦးပေါ်ဦးကို ဂုဏ်ပြုသောအားဖြင့် ဦးပေါ်ဦးပြဇာတ် ကပြခဲ့သည်။ သက်ရှိစာဆိုတော်ကြီးများကိုလည်း ကန်တော့ခဲ့ကြသည်။ ထိုနောက်နှစ်များတွင် စာဆိုတော်နေ့ အထိမ်းအမှတ်ပွဲများကို မြို့နယ်များ၌ပါ ကျင်းပလာခဲ့သည်။ မြို့နယ်များတွင် သတင်းထောက်များ၊ ကျောင်းဆရာများနှင့် လူငယ်အဖွဲ့အစည်းများက ကြီးမှူးကျင်းပလေ့ရှိရာ ယင်းအခမ်းအနားများတွင် စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ပဒေသာကပွဲများ ထည့်သွင်းကျင်းပခဲ့ကြသည်။

ရန်ကုန်မြို့၌ စာရေးဆရာအသင်းက ကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် နံနက်ပိုင်းတွင် သက်ရှိစာဆိုတော်ကြီးများကို ကန်တော့ခြင်း၊ စာရေးဆရာအသင်းဥက္ကဋ္ဌက စာပေဆိုင်ရာ မိန့်ခွန်းမြွက်ကြားခြင်းနှင့် ညပိုင်းတွင် စာပေဆိုင်ရာ ပြဇာတ် သို့မဟုတ် ပဒေသာကပွဲ ကပြခြင်းမှာ ၁၉၅၀ ပြည့်နှစ်အထိ ဖြစ်သည်။ ၁၉၅၀ ပြည့် ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပသော စာဆိုတော်နေ့ အခမ်းအနားကို လူထုအခမ်းအနားကြီးတစ်ခုအသွင် စတင်ကျင်းပကာ စာဆိုတော်နေ့ကို ပြည်သူတစ်ရပ်လုံး၏ နေ့တစ်နေ့အဖြစ် သတ်မှတ်ခဲ့ကြလေသည်။

**စာဆိုတော်ပွဲ**

ရှေးမြန်မာဘုရင်များလက်ထက်က နတ်တော်လတွင် ဆင်ဖမ်းပွဲနှင့် ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်သည့် ဘွဲ့နှင်းသဘင်ပွဲတို့ကိုလည်း ခမ်းခမ်းနားနား ကျင်းပပြုလုပ်လေ့ရှိကြသည်။ နတ်တော်လတွင် ရာသီပွဲတော်အဖြစ် ထူးထူးခြားခြားပေါ်ထွက်လာသည့်ပွဲကား "စာဆိုတော်ပွဲ" ပင်ဖြစ်သည်။ စာဆိုတော်ဆိုသည်မှာ ဘုရင်ခေတ်က တွင်ကျယ်ခဲ့သော ထီးသုံးနန်းသုံး ဝေါဟာရတစ်ခုဖြစ်သည်။ ဘုရင်၊ မိဖုရား၊ အိမ်ရှေ့မင်းသား၊ ဘုရင့်သားတော်၊ သမီးတော်တို့ ဘုန်းတန်ခိုးကြီးပုံ၊ လက်ရုံးရည်၊ နှလုံးရည် ထူးချွန်ပုံတို့ကို ချီးကျူးဖွဲ့ဆိုသူများအား စာဆိုတော်ဟု ခေါ်ခဲ့ကြသည်။ ယခုခေတ်၌မူ စာဆိုတော်ဟူသော ဝေါဟာရသည် ပြည်သူ့ စာပေလုပ်သား၊ စာရေးဆရာအားလုံးနှင့် သက်ဆိုင်သောကြောင့် စာရေးဆရာများကို စာဆိုတော်ဟု ခေါ်ဆိုကြလေသည်။ ယခုအခါ နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့တွင် ထူးချွန်စာဆိုတော်များအား ဆုချီးမြှင့်ခြင်း၊ သက်ကြီးစာဆိုတော်များအား ဂါရဝပြုကန်တော့ခြင်းများဖြင့် စာဆိုတော်ပွဲကို ကျင်းပကြသည်။

**စာဆိုတော်နေ့မှသည် အမျိုးသားစာပေ**

"စာပေမြင့်မှ လူမျိုးတင့်မည်" ဆိုသည့်အတိုင်း စာပေသည် လူသားတိုင်းအတွက် အရေးပါပေသည်။ စာပေဟူသည်ကား လူမျိုး၏ အသက်ပင်ဖြစ်သည်။ စာပေကွယ်ပျောက်လျှင် လူမျိုးလည်း ပျောက်ကွယ်သွားတတ်ပေသည်။ စာပေသည် နိုင်ငံနှင့် လူမျိုး၏ အဆင့်အတန်းကိုလည်း ဖော်ညွှန်းပြသနိုင်သော အညွှန်းတစ်ခုဖြစ်သည်။ ထို့ကြောင့်ပင် သုတ၊ ရသ စာပေမှသည် အမျိုးသားစာပေတို့သည် နိုင်ငံတော်အတွက် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ပင် ဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ပြန်လည်လေ့လာသုံးသပ်လျှင် အမျိုးသားစာပေသည်လည်း အန္တိုင်းမဲ့သော စွမ်းအားတည်ရှိနေပေသည်။ "မြန်မာစာသည် ဒို့စာ၊ ဒို့စာကို ချစ်ပါ" ဟူသော စာပေလှုပ်ရှားမှုဖြင့် မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်ကို နိုးကြားစေခဲ့သည်။ အမျိုးသားစာပေသည် နိုင်ငံ့ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သော ဆီမီးတိုင်တစ်ခုပင်ဖြစ်ပေသည်။

စာပေတွင် သုတစာပေနှင့် ရသစာပေဟူ၍ နှစ်မျိုးရှိသည်။ သုတစာပေကိုဖတ်လျှင် နိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာများ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ခေတ်မီတိုးတက်လာသော ခေတ်အခြေအနေများကို စုံလင်စွာ သိရှိနိုင်သည်။ ရသစာပေကို ဖတ်ရှုလျှင် လူ့သဘာဝ၊ လူ့လောက၏ အဆိုးအကောင်း၊ အကျိုးအပြစ်တို့ကို သိမြင်နိုင်ပေလိမ့်မည်။ အမျိုးသားစာပေဟု ဆိုရာတွင် သုတ၊ ရသအားလုံးကို သိမြင်စေနိုင်သော စာပေပင်ဖြစ်သည်။ အမျိုးသားစာပေသည် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခြင်း၊ အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိစေခြင်း၊ အကျင့်စာရိတ္တ ကောင်းမွန်စေခြင်း စသည့်ကောင်းကျိုးဟူသမျှကို ပေးစွမ်းနိုင်သော ဂုဏ်ရည်နှင့် ပြည့်ဝပေသည်။ ထို့ကြောင့်ပင် နိုင်ငံနှင့် လူမျိုးအတွက် စာပေတာဝန်ထမ်းဆောင်လျက်ရှိသော စာပေပညာရှင်များအား "စာဆိုတော်နေ့" အခမ်းအနားများ ကျင်းပ၍ ဂုဏ်ပြုကြခြင်းပင်ဖြစ်သည်။

**အမျိုးသားစာပေ မြင့်မားရေး**

အမျိုးသားစာပေ မြင့်မားရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ နည်းပညာနှင့်အပြိုင် အသက်မွေးဝမ်းကျောင်း ပြုရသော ပညာခေတ်သို့ ရောက်ရှိလာခဲ့ပေသည်။ ပညာခေတ်တွင် စာပေသည် လူသားတို့နှင့် ကင်းကွာ၍ မရတော့ပေ။ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာသော စာပေမှသည် မျက်မှောက်ခေတ် စာပေရေးရာများကို လိုအပ်သလို လေ့လာကြရတော့မည်။ ခေတ်စနစ်များ ပြောင်းလဲလာသော်လည်း မပျောက်ပျက်အောင် ထိန်းသိမ်းရမည့် ဓလေ့ထုံးစံများ၊ သမိုင်းအမွေအနှစ်များသည် ရှေးခေတ်စာဆိုတို့၏ သမိုင်းမှတ်တမ်းစာပေများတွင်သာ လေ့လာသိရှိနိုင်ပေသည်။ ထို့ကြောင့်ပင် မြန်မာ့အမွေ၊ သမိုင်းအမွေဖြစ်သော မြန်မာ့စာပေ (အမျိုးသားစာပေ)ကို ထိန်းသိမ်း၍ ဖတ်ရှုလေ့လာကြပြီး ခေတ်နှင့်အညီ ဖော်ညွှန်းပြသကြရပေမည်။ သို့မှသာ အမျိုးသားစာပေအဆင့်အတန်း ပိုမိုမြင့်မား၍ အမျိုးသားရေးစိတ်ဓာတ်လည်း ပို၍ရှင့်သန်လာပေလိမ့်မည်။ ထို့ကြောင့် ဆရာဇော်ဂျီ၏ သင်သေသွားသော် ကဗျာစာသားနှင့်အတူ "သင်သေသွားသော်၊ သင်၏မျိုးသား၊ စာစကားလည်း၊ အခြေတိုးမြင့် ကျန်ကောင်းသင့်၏" ဆိုသည့်အတိုင်း အမျိုးသားစာပေ မြင့်မားရေးကို နိုင်ငံသားတိုင်း ဝိုင်းဝန်းကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**"အစည်းအဝေးက ဦးပုညနေ့ဟူ၍ စာဆို တစ်ဦးတည်းကို ဂုဏ်ပြုရည်ညွှန်းသော နေ့တစ်နေ့အဖြစ် သတ်မှတ်ကျင်းပမည့်အစား စာဆိုတော်အားလုံးကို ဂုဏ်ပြုရည်ညွှန်းသော နေ့တစ်နေ့ သတ်မှတ်သင့်ကြောင်း စာဆိုတော်နေ့သတ်မှတ်ရေးကိစ္စကို ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ တစ်ဆက်တည်းပင် မည်သည့်ကာလအပိုင်းအခြားကို စာဆိုတော်နေ့အဖြစ် သတ်မှတ်သင့်ကြောင်း ဆွေးနွေးကြရာ နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည် "**

**ကိုးကား - မြန်မာ့စွယ်စုံကျမ်းအတွဲ(၃)**
**စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၀**

# ပြိုင်ပွဲများဖြင့် စည်ကားနေမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း

ကိုဌေး (ကနောင်)

**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် အမိ မြန်မာနိုင်ငံတော်၏ (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အခါသမယပင်ဖြစ်ပါသည်။ (၇၅) နှစ်မြောက်သည့် စိန်ရတုလွတ်လပ်ရေးနေ့တွင် ပုံမှန်ကျင်းပမြဲဖြစ်သည့် လွတ်လပ်ရေးနေ့ အခမ်းအနားများထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိပါသည်။**

စိန်ရတုလွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု ဝန်ကြီးဌာနများ၏ စစ်ရေးပြစစ်ကြောင်းများ၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဂုဏ်ပြုယာဉ်များက ဗိုလ်ရှုခံရင်ပြင်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ချီတက်အလေးပြုကြမည် ဖြစ်ပါသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဌာနအလိုက် ပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဂုဏ်ပြုယာဉ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရိုးရာအစားအသောက်များနှင့် ဒေသထွက်ကုန်များကို ခင်းကျင်းပြသရောင်းချမည့် အစီအစဉ်များကိုလည်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တောင်ဘက် တပေါင်းကွင်းအတွင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ပြင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်) အားကစားပြိုင်ပွဲများကိုလည်း ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။




နေပြည်တော် ဝဏ္ဏသိဒ္ဓိ မိုးလုံလေလုံ အားကစားကွင်း အဆောက်အအုံကို တွေ့ရစဉ်။

### လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျင်းပမည့် အားကစားပြိုင်ပွဲများ

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများကိုလည်း ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲများကို အမျိုးအစားနှစ်မျိုး ခွဲခြားကျင်းပပေးမည်ဖြစ်ပြီး ပထမတစ်မျိုးမှာ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများဖြစ်ပြီး ဒုတိယတစ်မျိုးမှာ တိုင်းဒေသကြီးနှင့်ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်) အားကစားပြိုင်ပွဲများ ဖြစ်ပါသည်။

### ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲများ

ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအဖြစ် ဘော်လီဘော (ကျား/မ) ပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) တွင်လည်းကောင်း၊ ဘောလုံး (ကျား) ပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက်မှ ၃၀ ရက်အထိ ဝဏ္ဏသိဒ္ဓိကွင်းနှင့် လေ့ကျင့်ရေးကွင်း (၁/၃) တို့တွင် လည်းကောင်း၊ ပိုက်ကျော်ခြင်း (ကျား) ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၈ ရက်အထိ လက်ဝှေ့ပြိုင်ပွဲရုံတွင် လည်းကောင်း၊ ဖူဆယ် (ကျား) ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ဖူဆယ်ပြိုင်ပွဲရုံတွင်လည်းကောင်း၊ လွန်ဆွဲ (ကျား/မ)ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ လေ့ကျင့်ရေးကွင်း (၃) တွင်လည်းကောင်း၊ ထုပ်ဆီးတိုး (မ) ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ လေ့ကျင့်ရေးကွင်း (၁) နှင့် (၃) ကြားတွင်လည်းကောင်း၊ အပြေး (ကျား/ မ) ပြိုင်ပွဲမီတာ (၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀) ကို ဇန်နဝါရီ ၄ ရက်တွင် လေ့ကျင့်ရေးကွင်း(၁)တွင် လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

### တိုင်းဒေသကြီးနှင့် ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်) ပြိုင်ပွဲများ

တိုင်းဒေသကြီး/ ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်) ပြိုင်ပွဲများအဖြစ် ဘော်လီဘော (ကျား/မ) ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) တွင်လည်းကောင်း၊ U–18 ဘောလုံး(မ) ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ ဝဏ္ဏသိဒ္ဓိကွင်းနှင့် လေ့ကျင့်ရေးကွင်း (၁/၃) တို့တွင်လည်းကောင်း၊ ပိုက်ကျော်ခြင်း (ကျား) ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ လက်ဝှေ့ပြိုင်ပွဲရုံတွင်လည်းကောင်း၊ ဂေါက်သီးရိုက် (ကျား) ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ နေပြည်တော်၊ စည်ပင်ဂေါက်ကွင်းတွင် လည်းကောင်း၊ မြန်မာ့သိုင်း (ကျား/မ) ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) တွင်လည်းကောင်း၊ U–25 ပြေးခုန်ပစ် (ကျား/မ) ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိကွင်းနှင့် လေ့ကျင့်ရေးကွင်း (၁) တွင် လည်းကောင်း ကျင်းပမည်ဖြစ်ပါသည်။

### ထိုက်တန်သည့် ဆုကြေးများ ချီးမြှင့်ပေးသွားမည်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပပေးမည့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် တိုင်းဒေသကြီး နှင့် ပြည်နယ် (အလွတ်တန်းဖိတ်ခေါ်) အားကစားပြိုင်ပွဲများကို သတ်မှတ်ကာလအတွင်း ကျင်းပမည်ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ကိုယ်စားပြု အားကစား အသင်းအဖွဲ့များအနေဖြင့် အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင် စခန်းသွင်းလေ့ကျင့်စေလျက်ရှိနေကြပြီ ဖြစ်သည်။ ပြိုင်ပွဲတွင် အားကစားနည်းအလိုက် အောင်မြင်မှုရရှိကြသည့် အားကစားအသင်းအဖွဲ့များကို နိုင်ငံတော်အနေဖြင့် ယခင်ကျင်းပသည့် အားကစားပြိုင်ပွဲများထက် ထိုက်တန်စွာ ဆုများချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်းလည်း သိရသည်။

### လွတ်လပ်ပျော်ရွှင်စွာ လာရောက်အားပေးကြပါစို့

၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းနှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်း ကျင်းပမည့် အားကစားပြိုင်ပွဲများတွင် အားပေးသည့် ပရိသတ်များ၊ အားကစားနည်းအလိုက် ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများဖြင့် စည်ကားနေတော့မည်ဖြစ်ရာ အားကစားဝါသနာပါသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို လွတ်လပ်စွာ အခမဲ့လာရောက်ကြည့်ရှုအားပေးကြပါရန်လည်း တိုက်တွန်းနှိုးဆော် သတင်းကောင်းပါးလိုက် ရပါကြောင်း။ ။

## ကချင်ပြည်နယ်၌ ဆောင်းသီးနှံစိုက်ပျိုးစရိတ်များကို ယခင်နှစ်ထက် ပိုမိုထုတ်ချေးရန် လျာထား

**မြစ်ကြီးနား နိုဝင်ဘာ ၂၅**

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသည့် တောင်သူများအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ယခင်နှစ်ထက် ပိုမိုထုတ်ချေးပေးသွားရန် လျာထားကြောင်း ကချင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးကျော်စွာလှိုင်ထံမှ သိရသည်။

“ကျွန်တော်တို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ၂၀၂၂ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကို အောက်တိုဘာလ ပထမပတ်ကစပြီး ထုတ်ချေးပေးနေတာပါ၊ ပြန်လည်ပေးဆပ်ဖို့ သတ်မှတ်ထားတာကတော့ ၂၀၂၃ ခုနှစ် စက်တင်ဘာလ တတိယပတ်မှာ ဖြစ်ပါတယ်။ ချေးငွေကာလကတော့ တစ်နှစ်ပါ။ အတိုးနှုန်းသတ်မှတ်ချက်က တစ်နှစ်လုံးမှာမှ ငွေတစ်ရာကျပ်ကို ငါးကျပ်နှုန်းပဲ ကျသင့်တာပါ။ အရပ်သဘောအရဆိုရင် ငွေတစ်ရာကျပ်ကို တစ်လမှာ အတိုးနှုန်း ၄၂ ပြားနှုန်းပဲ ကျသင့်တာပါ။ အရင်နှစ်က ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ကျပ်သိန်းပေါင်း ၁၆၀၀၈ ဒသမ ၂၅ သိန်း ထုတ်ချေးပေးခဲ့ပြီး ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကိုတော့ ကျပ်သိန်းပေါင်း ၂၅၅၅၉ ဒသမ ၆၅ သိန်း ထုတ်ချေးပေးနိုင်အောင် လျာထားပါတယ်” ဟု ပြည်နယ်မန်နေဂျာက ပြောကြားသည်။



ချေးငွေယူမည့် တောင်သူများအား ချေးငွေစည်းကမ်းချက်များ ရှင်းပြနေစဉ်။

ယခင် ၂၀၂၁ ခုနှစ်တွင် ကချင်ပြည်နယ် အတွင်း မြို့နယ်ခုနစ်မြို့နယ်မှ ကျေးရွာအုပ်စုပေါင်း ၆၄ အုပ်စုရှိ တောင်သူပေါင်း ၂၅၄၃ ဦး၏ နှမ်းပေါင်းနှင့် အခြားသီးနှံစိုက်ပျိုးဧက ၁၆၀၀၀ ကျော်ကို ချေးငွေထုတ်ချေးပေးနိုင် ကြောင်းနှင့် ယခုနှစ်တွင် မြို့နယ်ခုနစ်မြို့နယ်ရှိ ကျေးရွာအုပ်စု ၇၀ မှ တောင်သူ ၄၂၆၅ ဦး၏ စိုက်ပျိုးဧက ၂၅၀၀၀ ကျော် လျာထား၍ ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးကော်မတီ(၁/၂၀၂၂)လုပ်ငန်းညှိနှိုင်းစည်းဝေး

**မန္တလေး နိုဝင်ဘာ ၂၅**
မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ညောင်ဦးမြို့နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် (ပုဂံဌာနခွဲ)ရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ (၁/၂၀၂၂)လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုဝင်ဘာ ၂၄ ရက်က တက်ရောက်သည်။ **(ယာပုံ)**



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီးနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေး(၂/၂၀၂၀) ဆုံးဖြတ်ချက်များအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသဆိုင်းဘုတ် Logo ဒီဇိုင်းများတင်ပြခြင်း၊ ရွှေစည်းခုံဘုရားအနီး ငါးမျက်နှာဘုရားအနီး ခေမင်္ဂဘုရားစုအရှေ့၊ သရပါဂိတ်ရှေ့၊ ဓမ္မရံကြီးဘုရားအနီး၊ မင်းနန်းသူရွာ၊ ဆုတောင်းပြည့်အုတ်ကျောင်းအနီးတို့တွင် စိုက်ထူရန်လျာထားမှု စသည့်ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် အမှာစာတင်သွင်းမည့် အချက်အလက်များကို တင်ပြဆွေးနွေးပြီးနောက် ကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများ၏ တင်ပြချက်များနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ် ဆောင်ရွက်ပေးပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် (ပုဂံဌာနခွဲ) မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ယွန်းပညာကောလိပ်(ပုဂံ)တွင် ပြုလုပ်သည့် တက်မရေနံမြေနှင့် ငါ့ရှန်တောင်ရေနံမြေတို့မှ လုပ်ငန်းရှင်များ၊ ညောင်ဦးမြို့နယ်အတွင်း ဂေါပကအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဒေသအတွက် လိုအပ်ချက်များကို အကြံပြုတင်ပြဆွေးနွေးမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး လူမှုရေးအသင်း ၁၃ ဖွဲ့အတွက် ချီးမြှင့် ငွေကျပ် ၃၉ သိန်းကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်ဦးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ညနေပိုင်းတွင် ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ထွန်းက ဆေးရုံအတွင်း ဆေးကုသဆောင်နှင့် ဆေးကုသဌာနများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသပြီး ဆေးကုသမှုခံယူနေသည့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်သည်။

ဆက်လက်၍ ဆေးရုံအစည်းအဝေးခန်းမတွင် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆေးရုံအုပ်ကြီး၏ CT Scan တပ်ဆင်ပြီးစီးမှု၊ ဆေးရုံအတွက် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးနှင့် အခြားလိုအပ်ချက်များကို ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေကျပ် သိန်း ၂၀ ကို ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများပပျောက်အောင် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်

**ပဲခူး နိုဝင်ဘာ ၂၅**
အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၅ ရက်က ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးအကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအဖြစ် ကျား၊ မ အခြေပြု အကြမ်းဖက်မှုနှင့် ပတ်သက်သည့် အသိပညာပေး သင်တန်းများကို ခရိုင်၊ မြို့နယ်များ၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အင်အားစုတစ်ရပ်ဖြစ်သည့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်း၊ အမျိုးသမီးများ၊ အမျိုးသမီးငယ်များအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ပေးခြင်းတို့သည် အမျိုးသမီးများ၏ အခွင့်အရေးအပြည့်အဝရရှိစေရန် ဖြည့်ဆည်းပေးနေခြင်းဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များမှာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အမျိုးသမီး ကော်မတီဝင်များ အနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ ပပျောက်အောင် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ခရိုင် မြို့နယ်အမျိုးသမီး ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး အသိပညာပေး ဗီဒီ



ယိုကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြခန်း၌ ပြသထားသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးပိုစတာများနှင့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# စွမ်းရည်များပြည့်ဝသည့် နိုင်ငံ့သားကောင်းများကို လေ့ကျင့်မွေးထုတ်

**မော်လမြိုင် နိုဝင်ဘာ ၂၅**
မွန်ပြည်နယ်၌ တိုင်းရင်းသား လူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ တိုင်းရင်းသား ဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးပွဲ ပိတ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က မော်လမြိုင် ပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည်။




**စွမ်းရည်လေးမျိုးလုံး ဖွံ့ဖြိုးရန်**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်အတွင်း ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် မျိုးဆက်သစ်များ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများက ဘာသာစကား သင်ကြားနည်းများကို လေ့လာသင်ယူ၍ မိမိတို့ တိုင်းရင်းသား ဘာသာစကားကိုလည်း အရေး၊ အဖတ်၊ အပြော၊ အကြား စွမ်းရည်လေးမျိုးလုံး ဖွံ့ဖြိုးရန်အတွက် သင်ကြားပေးနိုင်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အရေးပါသည့် စိတ်ဓာတ်စည်းကမ်း လိုက်နာသည့် ခံယူချက်သဘောထား မှန်ကန်သည့် ကျွမ်းကျင်မှုစွမ်းရည်များ ပြည့်ဝသည့် နိုင်ငံ့သားကောင်းများကို လေ့ကျင့်မွေးထုတ်နိုင်သော ဆရာ ဆရာမကောင်းများဖြစ်ရန် လိုအပ်သည့် အသိပညာ၊ အတတ်ပညာများကို သင်တန်းကာလအတွင်း ကြိုးစားဆည်းပူး ကြစေလိုကြောင်း ပြောကြားသည်။

**သင်တန်းဆင်းလက်မှတ်များပေး**

ထို့နောက် မော်လမြိုင် ပညာရေး ဒီဂရီကောလိပ်မှကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသိင်္ဂီကျော်က အရည်အသွေးမြှင့်စေရေး အထောက်အကူပြု ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆရာ ဆရာမများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ တိုင်းရင်းသားရိုးရာ အက၊ အလှဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှု၍ ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**စည်သူ(ပြန်/ဆက်)**

## ပွဲကြိုသုံးသပ်ချက်

နိုဝင်ဘာ ၂၆ ရက် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ် (၂) မှာ မဖြစ်မနေနိုင်ပွဲရမှ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်ရှိလာမယ့် အာဂျင်တီးနားနဲ့ မက္ကဆီကို၊ တူနီးရှားနဲ့ ဩစတြေးလျတို့ပွဲစဉ်များ ရှိနေပါတယ်။

| ကမ္ဘာ့ဖလားပွဲစဉ် (၂) | |
|---|---|
| ၂၆-၁၁-၂၀၂၂ | စနေနေ့ |
| တူနီးရှား - ဩစတြေးလျ | ည ၄း၃၀ |
| ပိုလန် - ဆော်ဒီအာရေဗျ | ည ၇း၃၀ |
| ပြင်သစ် - ဒိန်းမတ် | ည ၁၀း၃၀ |
| အာဂျင်တီးနား -မက္ကဆီကို | နံနက် ၁း၃၀ |

# နောက်တစ်ဆင့်တက်ရေး အမှားခံလို့မရတဲ့ အာဂျင်တီးနား၊ ဒိန်းမတ်

## လင်းလက်ကြယ်

### တူနီးရှား VS ဩစတြေးလျအသင်းအခြေအနေ



အမ်ဆတ်နီ (၃၂ နှစ်)

တူနီးရှား (ကွင်းလယ်)

၈၄ ပွဲကစား၊ ၁၇ ဂိုးသွင်း

အဖွင့်ပွဲစဉ်မှာ တူနီးရှားက သရေကျထားပြီး ဩစတြေးလျအသင်းက ရှုံးနိမ့်ထားတယ်။ မည်သို့ပင်ဆိုစေ ယခုပွဲစဉ်မှာ အနိုင်ရရှိတဲ့အသင်း အနေနဲ့ နောက်တစ်ဆင့်တက်ရောက်ရေးမျှော်လင့်ချက် အားကောင်း လာမှာဖြစ်တဲ့အတွက် နှစ်သင်းစလုံးအတောင့်တင်းဆုံးစာရင်းနဲ့ ပွဲထွက်လာမှာပါ။ တူနီးရှားအသင်းက ဩစတြေးလျအသင်းထက် ဘက်စုံထောင့်စုံမှာ အနည်းငယ်သာတယ်ဆိုပေမယ့် ပြီးခဲ့တဲ့ ပွဲစဉ်ကလို တိုက်စစ်အဆုံးသတ် အားနည်းရင် ပေးဆပ်မှု ကြီးမားသွားနိုင်တယ်။



ဝွတ်ဝင်း (၃၀ နှစ်)

ဩစတြေးလျ (တိုက်စစ်)

၁၁ ပွဲကစား၊ ၂ ဂိုးသွင်း

### ပိုလန် VS ဆော်ဒီအာရေဗျအသင်းအခြေအနေ



လီဝမ်ဒေါ့စကီး (၃၄ နှစ်)

ပိုလန် (တိုက်စစ်)

၁၃၅ ပွဲကစား၊ ၇၆ ဂိုးသွင်း

ဆော်ဒီအာရေဗျက နာမည်ကြီးအာဂျင်တီးနားကို အနိုင်ရရှိထားတယ်ဆိုသော်ငြား လီဝမ်ဒေါ့စကီးဦးဆောင်လာမယ့် ယခုပိုလန်နဲ့ပွဲစဉ်မှာ ယခင်ပွဲစဉ်က ကြိုးစားအားထုတ်မှုထက် မပိုရင်တောင် မလျော့တဲ့ ခွဲလုံ့လနဲ့ ယှဉ်ပြိုင်မှသာ ရလဒ်ကောင်း ပိုင်ဆိုင်နိုင်ဖွယ်ရှိတယ်။ မက္ကဆီကို နဲ့ပွဲစဉ်မှာ အသင်းရဲ့ ခြေစွမ်းမဆိုးပေမယ့် မဖြစ်မနေနိုင်ပွဲရရှိမှ နောက်တစ်ဆင့်တက်ရောက်ရေးမျှော်လင့်ချက်ရှင်သန်လာမှာဖြစ်တဲ့ ပိုလန်အသင်း အနိုင်ရရှိရေးကိုသာ ဦးတည်လာမှာပါ။ ဆော်ဒီအာရေဗျအသင်းထက် ပိုလန်အသင်း ရလဒ်ကောင်းရနိုင်တယ်။



အယ်ရှီရီ (၂၉ နှစ်)

ဆော်ဒီအာရေဗျ (တိုက်စစ်)

၂၁ ပွဲကစား ၁၁ ဂိုးသွင်း

### ပြင်သစ် VS ဒိန်းမတ်အသင်းအခြေအနေ



ဂျီရုဒ် (၃၆ နှစ်)

ပြင်သစ် (တိုက်စစ်)

၁၁၅ ပွဲကစား၊ ၅၁ ဂိုးသွင်း

ပြင်သစ်နဲ့ ဒိန်းမတ်အသင်းတို့ နေးရှင်းလိဂ်ပြိုင်ပွဲမှာ နှစ်ကြိမ်တွေ့ဆုံထားပြီး နှစ်ကြိမ်စလုံး ဒိန်းမတ်က အနိုင်ရရှိထားတယ်။ ကမ္ဘာ့ဖလား ပွဲစဉ် (၁)အပြီးမှာတော့ ပြင်သစ်က တိုက်စစ်ခြေစွမ်းပြကာ နိုင်ပွဲရရှိထားတယ်။ ယခုပွဲစဉ်မှာ ရလဒ်ကောင်းရရှိမှသာ နောက်တစ်ဆင့်အတွက် အခွင့်အရေးကောင်းပိုင်ဆိုင်နိုင်မှာဖြစ်တဲ့ ဒိန်းမတ်အတွက် ပြင်သစ်အသင်းရဲ့ မာကျောကျစ်လျစ်တဲ့ ကစားပုံအောက်မှာ ပုံစံကောင်း ပျောက်ဆုံးခဲ့ရင် မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။ ယခုအကြိမ်တွေ့ဆုံမှုမှာ ပြင်သစ်နိုင်ပွဲရမလား ဒိန်းမတ်ကပဲ နိုင်ပွဲဆက်မလား ...။



ရှမိုက်ကယ်(၃၆နှစ်)

ဒိန်းမတ် (ဂိုးသမား)

၈၇ ပွဲကစား

### အာဂျင်တီးနား VS မက္ကဆီကိုအသင်းအခြေအနေ



မက်ဆီ (၃၅ နှစ်)

အာဂျင်တီးနား (တိုက်စစ်)

၁၆၆ ပွဲကစား၊ ၉၂ ဂိုးသွင်း

ဆော်ဒီအာရေဗျကို မထင်မှတ်ဘဲရှုံးနိမ့်ခဲ့တဲ့ နာမည်ကြီး အာဂျင်တီးနား ယခုပွဲစဉ်မှာ နိုင်ပွဲရရှိဖို့ လိုအပ်သလို ပိုလန်ကို သရေကျခဲ့တဲ့ မက္ကဆီကို အသင်းကလည်း ရလဒ်ကောင်းရရှိဖို့ လိုအပ်နေတာကြောင့် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ နှစ်သင်းစလုံးအတွက် အရေးပါတဲ့ပွဲစဉ်ဖြစ်ပြီး အမှားခံလို့မရတော့တဲ့ အခြေအနေမှာ နောက်တစ်ဆင့်တက်လှမ်းနိုင်မယ့် အခွင့်အရေးကောင်းကို မက်ဆီရဲ့ အာဂျင်တီးနားက ပိုင်ဆိုင်သွားမလား သို့မဟုတ် မက္ကဆီကို က ပိုင်ဆိုင်သွားမလား စောင့်ကြည့်ကြပါစို့ . . .။



အိုချိုအာ (၃၇ နှစ်)

မက္ကဆီကို (ဂိုးသမား)

၁၃၂ ပွဲကစား

**ကမ္ဘာ့ဖလား အုပ်စု (ဆ) ပွဲစဉ် (၁) အပြီး ရပ်တည်မှု**

| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ဘရာဇီး | ၁ | ၁ | ၀ | ၀ | ၃ |
| ၂။ | ဆွစ်ဇာလန် | ၁ | ၁ | ၀ | ၀ | ၃ |
| ၃။ | ကင်မရွန်း | ၁ | ၀ | ၀ | ၁ | ၀ |
| ၄။ | ဆားဘီးယား | ၁ | ၀ | ၀ | ၁ | ၀ |

**ကမ္ဘာ့ဖလား အုပ်စု (ဇ) ပွဲစဉ် (၁) အပြီး ရပ်တည်မှု**

| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်တူဂီ | ၁ | ၁ | ၀ | ၀ | ၃ |
| ၂။ | တောင်ကိုရီးယား | ၁ | ၀ | ၁ | ၀ | ၁ |
| ၃။ | ဥရုဂွေး | ၁ | ၀ | ၁ | ၀ | ၁ |
| ၄။ | ဂါနာ | ၁ | ၀ | ၀ | ၁ | ၀ |



အီရန်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ရေဇီအိန်း သွင်းယူစဉ်။

## ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (ခ) ဒုတိယပွဲစဉ် ဝေးလ်အသင်းကိုအနိုင်ရသည့် အီရန်တို့ နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးကောင်း

ကာတာ၌ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအုပ်စု (ခ)၏ ပွဲစဉ်(၂)မှ ဝေးလ်အသင်းနှင့် အီရန်အသင်းတို့ပွဲစဉ်ကို နိုဝင်ဘာ ၂၅ ရက် ညနေ ၄ နာရီခွဲက ကျင်းပရာ အီရန်အသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ယခုပွဲအနိုင်ရရှိခဲ့သော အီရန်အသင်းသည် နောက်တစ်ဆင့်သို့ တက်ရောက်ရန် အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။

ဝေးလ်အသင်းသည် ယခုပွဲစဉ်တွင် ဘေးလ်၊ မော်ရီ၊ ရမ်ဆေး စသည့် အဓိက ကစားသမားများဖြင့် ပွဲထွက်လာခဲ့သော်လည်း အီရန်အသင်း၏ မာထန်သည့်ကစားဟန်ကြောင့် ပုံစံကောင်း ပျောက်ဆုံးခဲ့ပြီး ရှုံးပွဲနှင့်ကြုံတွေ့ကာ နောက်တစ်ဆင့်တက်ရောက်ရေး မျှော်လင့်ချက် မှေးမှိန်ခဲ့ရပြီ ဖြစ်သည်။

ယခုပွဲစဉ်အတွက် အလှည့်အပြောင်းမှာ ပွဲချိန် ၈၆ မိနစ်တွင် ဖြစ်ပေါ်ခဲ့ပြီး ဝေးလ်အသင်းမှ ဂိုးသမား ဟန်နက်ဆီ ပြိုင်ဘက်ကစားသမားကို ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပြီးနောက် တစ်ယောက်လျော့ ဝေးလ်အသင်းဘက်သို့ သွင်းဂိုးများရရှိရေးအတွက် အီရန်အသင်းက တရစပ်ဖိအားပေး တိုက်စစ်ဆင်ထိုးဖောက်မှု ပြုလုပ်လာနိုင်ခဲ့သည်။

ပွဲချိန်ပြည့်ခါနီးတွင် အီရန်အသင်းက ဦးဆောင်ဂိုးရရှိခဲ့ပြီး ချက်စ်မီက အဝေးကန်ချက်ဖြင့် သွင်းယူပေးခဲ့သည်။ အချိန်ပိုမိနစ်တွင် အီရန်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ရာမင်ရေဇီအိန်းက သွင်းယူခဲ့သည်။ အီရန်အသင်းသည် ယခုနိုင်ပွဲကြောင့် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် သုံးမှတ်ရရှိထားပြီး ဝေးလ်အသင်းက နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် တစ်မှတ်သာ ရရှိထားသေးသည်။

### ကာတာတို့ ရှုံးပွဲဆက်

ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် အုပ်စု(က)မှ ကာတာနှင့် ဆီနီဂေါပွဲတွင် ဆီနီဂေါက သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရသည်။ အိမ်ရှင် ကာတာတို့ ရှုံးပွဲဆက်ကာ နှစ်ပွဲကစား နှစ်ပွဲရှုံးသဖြင့် အုပ်စုအဆင့်မှထွက်ရန် သေချာသလောက်ရှိသွားသည်။ ဆီနီဂေါက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ် ရထားသည်။

ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် နယ်သာလန်နှင့် အီကွေဒေါတို့ပွဲတွင် တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ အုပ်စု(က)တွင် နယ်သာလန်နှင့် အီကွေဒေါတို့ နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်စီ ရထားသည်။

နိုဝင်ဘာ ၂၅ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလား အုပ်စု (ဆ) ပွဲစဉ် (၁) မှ နာမည်ကြီး ဘရာဇီးနှင့် ဆားဘီးယားအသင်း တို့ပွဲစဉ်တွင် ဘရာဇီးအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

### အခြားပွဲစဉ် ရလဒ်များ

အခြားပွဲစဉ် ရလဒ်များမှာ နိုဝင်ဘာ ၂၄ ရက် ည ၇ နာရီခွဲက ယှဉ်ပြိုင်ကစားသည့် အုပ်စု (ဇ)မှ ဥရုဂွေးနှင့် တောင်ကိုရီးယား တို့ပွဲမှာ ဂိုးမရှိသရေဖြစ်ခဲ့ပြီး ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်သည့် ပေါ်တူဂီနှင့် ဂါနာတို့ပွဲတွင် ပေါ်တူဂီက သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရသည်။ ပေါ်တူဂီမှ စီရော်နယ်ဒိုက ကမ္ဘာ့ဖလား ငါးကြိမ်ကစား ငါးကြိမ် ဂိုးသွင်းနိုင်သည့် တစ်ဦးတည်းသော ကစားသမား ဖြစ်လာသည်။

**အောင်ဇော်**



## နယ်စပ်ရေးရာဝန်ကြီးဌာနက ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများတွင် သီတင်းသုံးတော်မူကြသော သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ဆွမ်းအခက်အခဲ အဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်အောင်နှင့် ဝန်ထမ်းမိသားစုများက မန်တုံမြို့နယ် အောင်ချမ်းသာမန်တောက် ဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုနန္ဒထံသို့ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

သတင်းစဉ်

## မြို့ရွာသန့်ရှင်းသာယာလှပရေးဆောင်ရွက် သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်း

**သီပေါ နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နိုင်ထွန်းသူ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အသီးသီးမှ တပ်ဖွဲ့ဝင်များသည် ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ ဌာနဆိုင်ရာအဆောက်အအုံတို့တွင် သန့်ရှင်းသာယာလှပရေးအတွက် ပေါင်းမြက်၊ ချုံနွယ်များနှင့် အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရုံးပိတ်ရက်များ၌ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကျောက်မဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမြင့်ဦးဆောင်သော တပ်ဖွဲ့ဝင်များက အရေးပေါ်လူနာများ သွေးလိုအပ်ချက်အရ ယနေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြောင်း သိရသည်။ **(အောက်ပုံ)** **စိုင်း(သီပေါ)**



## မြေငှားဂရန်လျှောက်ထားချက်အပေါ်ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | မြေငှားဂရန်လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | |
| ၁ | ဦးစိုးနိုင်၊ဦးထွန်းလင်း | ပုသိမ် | အမှတ်(၁၃) | ၅၂ ရွှေဝတ်မှုံ | ၈၃ | ၀.၁၈၈ | အမည်ပြောင်း/တိုး |
| ၂ | ဒေါ်စန္ဒာကြည် | ပုသိမ် | အမှတ်(၁၃) | ၅၂ ရွှေဝတ်မှုံ | ၃၁ | ၀.၁၈၅ | သက်တမ်းတိုး |
| ၃ | ဦးနေဝင်း | ပုသိမ် | အမှတ်(၁၅) | ၁၆၃-စီ၊ မြက်တိုဘူတာရုံ | ဘီ-၃၀ | ၀.၀၈၂ | အသစ် |

ဖော်ပြပါ မြေငှားဂရန်လျှောက်ထားချက်များအား ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ် ဟန်ဇယ် (ကိုယ်ပိုင်အမှတ်-၇၆၁၃၈၀) ၉/ကပတ(နိုင်)၀၁၆၀၃၀ (ဘ)ဦးအုပ်မန်း အမည်ပေါက် ပါမစ်မြေ ကွက်အမှတ် ပစ(င)၄၂၀ အမည်ပေါက် (ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်နုနုဆွေ ၉/တကန(နိုင်)၀၀၄၆၂၉ (ဘ)ဦးမူမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ဟန်ဇယ် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်မောင် ၁၃/ဟပန(နိုင်)၀၉၂၈၁၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၇၂၈၀၇၇၅

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်အိအိသိန်း ၁/မကန(နိုင်)၁၀၆၈၀၄၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၄၀၂၅၁၇

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဆီးအာဒီး ၁/မကန(နိုင်)၁၂၂၈၁၄၏ ပတ်စ်ပို့ နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၉၈၀၆၈၀



## ရော်ဘာဈေးနှုန်း ကျဆင်းနေသော်လည်း ဒေသအတွင်း ရောင်းဝယ်မှုများ ရှိနေ

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပတ်ဝန်းကျင်ကျေးရွာများရှိ တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးသူတောင်သူများသည် ရော်ဘာဈေးနှုန်းများ ကျဆင်းလာနေသော်လည်း မိသားစုစားဝတ်နေရေးအရ ဆက်လက်လုပ်ကိုင် ရောင်းဝယ်နေကြဆဲဖြစ်ကြောင်း သိရသည်။

ရော်ဘာရာသီအစဖြစ်သော စက်တင်ဘာလတွင် ရော်ဘာမှိုင်းကျတစ်ပေါင်လျှင် ငွေကျပ် ၁၅၀၀ ခန့် ရရှိသော်လည်း ယခုနိုဝင်ဘာလကုန်ပိုင်းတွင် တစ်ပေါင်ငွေကျပ် ၁၁၀၀ ခန့် ဈေးကျဆင်းလာသောကြောင့် ရော်ဘာလုပ်ငန်း လုပ်ကိုင်နေကြသူများသည် ယခုလက်ရှိ ကုန်ဈေးနှုန်းများအရ သော်လည်းကောင်း ရော်ဘာဈေးနှုန်းများ မတည်ငြိမ်မှုတို့ကြောင့် အခက်အခဲများ ရှိနေကြကြောင်း သိရသည်။ တစ်နိုင်တစ်ပိုင် ရော်ဘာခြံလုပ်ငန်းများ လုပ်ကိုင်နေကြသူများအနေဖြင့် ရော်ဘာထုတ်ကုန်များကို သိုလှောင်သိမ်းဆည်းမထားနိုင်၍ ရရှိလာသည့် ရော်ဘာပြားများကို မှိုင်းမတင်တော့ဘဲ နေလှန်းပြားများအဖြစ်သာ ရောင်းချနေရကြောင်း၊ အလုပ်သမားလစာ၊ အထွေထွေကုန်ကျစရိတ်များ ကာမိအောင် တစ်လတစ်ခါရရှိသည့် ရော်ဘာပြားများကို အဝယ်ဒိုင်ကပေးသည့်ဈေးဖြင့်သာ ရောင်းချနေရကြောင်းကို သထုံမြို့နယ် ဝင်းပကျေးရွာမှ ဒေါ်မြင့်အေးက ပြောသည်။

ရော်ဘာဈေးနှုန်း ကျဆင်းလာသည့်အပေါ် တိကျစွာပြောဆိုနိုင်ခြင်းမရှိကြောင်း၊ ရော်ဘာပြား၏ အရည်အသွေး၊ အစို/အခြောက်အပေါ်မူတည်၍ ဈေးဖြတ်ဝယ်ယူကြောင်း၊ မြို့ကြီးများမှ အဝယ်ဒိုင်များက မှာယူ၊ ဈေးဖြတ်၊ အော်ဒါရမှသာ ရော်ဘာအရည်အသွေးကိုကြည့်၍ ဈေးဖြတ်ဝယ်ယူရကြောင်း၊ နေလှန်းပြားများကိုသာ အများဆုံး ဝယ်ယူရကြောင်းနှင့် နေ့စဉ် ပေါင်တစ်သောင်းရှစ်ထောင်ကျော်ခန့် ဝယ်ယူရရှိကြောင်းကို သုဝဏ္ဏဝတီမြို့မှ ရွှေလက်ဆောင်ရော်ဘာရောင်းဝယ်ရေးဆိုင်မှ ဦးထင်လင်းစိုးက ပြောသည်။

ယခု မွန်ပြည်နယ်တွင် ဝယ်ယူနေသော ရော်ဘာပေါက်ဈေးသည် မြို့နေရာ၊ ကျေးရွာဒေသအလိုက် ဈေးနှုန်းကွာခြားချက်များ ရှိနေပြီး ဈေးနှုန်းမတည်ငြိမ်မှုက တစ်နိုင်တစ်ပိုင် ရော်ဘာလုပ်ငန်း လုပ်ကိုင်နေကြသူများအတွက် အခက်ကြုံစေကာ အိမ်နီးချင်းနိုင်ငံများ၏ ရော်ဘာဈေးကွက်ထက် ဈေးနှုန်းကျဆင်းနေကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးဝင်းထိန် ၅/ဒပယ(နိုင်)၀၀၃၅၆၆ (ဘ) ဦးထွန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၄၆၉၆) ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၀၁/၂၀၂၀(၇-၈-၂၀၂၀)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အေးမြင့်သွယ် ၁/မကန(နိုင်)၀၀၈၆၆၅ (ဘ)ဦးအေးဝင်းမှ ဒေါ်ကြည်ပြာ ၉/ပဘန(နိုင်)၁၃၅၉၈၅နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီမြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၄/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၅၆)၊ မြေဧရိယာ (၀.၁၄၇) ဧက(လက်ရှိမြေပေါ်ရှိအတိုင်းအတာ)မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (အုတ်တံတိုင်းခတ်အပြီးအစီး)အား ဦးထွန်းထွန်းဝင်း ၉/မခန(နိုင်)၀၀၁၅၅၈မှ ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းထံမှ ဦးတီတီလေး ၉/မရမ(နိုင်)၀၄၀၆၃၇က (အရပ်ကတိစာချုပ်)ဖြင့် ဝယ်ယူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးတီတီလေး**
**၉/မရမ(နိုင်)၀၄၀၆၃၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆)**
**"နိုင်"ဥပဒေအကျိုးဆောင်**
**အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဟိန်းထက်ဇော် ၉/ကဆန (နိုင်) ၁၆၄၂၄၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၄၂၈၆၁

## ပျောက်ဆုံးကြောင်း

ကျွန်မ မနန်းအေးခမ်းဟွမ် ၁၃/ဟပန(နိုင်)၀၉၁၈၄၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၈၇၅၆၄၆၀

## ပျောက်ဆုံးကြောင်း

ကျွန်တော် မစန္ဒာအောင် ၁၃/တကန (နိုင်) ၀၀၄၇၄၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၄၄၉၇၉၄၁

## ပျောက်ဆုံးကြောင်း

ကျွန်မ မစန်းနှင်းဖြူ ၁၃/နစန(နိုင်)၀၇၀၂၁၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၈၅၃၀၈၂

## အောင်မြေသာစံမြို့နယ်၌ ပန်းချီပြပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေး အောင်မြေသာစံမြို့နယ် ပန်းချီဆရာ ဆရာမများ စုပေါင်းပါဝင်ပြသသည့် ပန်းချီပြပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင် ပန်းချီပြခန်း (Mandalay Hill Art Gallery) ၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းချီဆရာကြီး ဦးခင်မောင်သန်း၊ ပန်းချီဆရာကြီး ဦးဇော်ဝင်း (သစ်ထွင်း) နှင့် ဆရာကြီး ဦးစိန်မြင့် (ရွှေချည်ထိုး)တို့က ပန်းချီပြပွဲနှင့်ပတ်သက်၍ မုဒိတာစကားများပြောကြားသည်။ အဆိုပါပန်းချီပြပွဲတွင် အောင်မြေသာစံမြို့နယ်အတွင်းရှိ ပန်းချီဆရာ ဆရာမ ၅၁ ဦး၏ အမျိုးအစားစုံလင်သည့် ပန်းချီကား ၁၀၀ ကျော် ပြသထားသည်။ ပြပွဲကို နိုဝင်ဘာ၂၅ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်သည်။ ခင်ခင်ဝင်း(ပညာရေး)



ကမ္ဘာ့ရေးရာ အမှတ်(၁၆)
GLOBAL AFFAIRS (အောက်တိုဘာ၊ ၂၀၂၂)
ထွက်ပြီ




၂၀၂၂ အောက်တိုဘာလထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်– ၁၆ တွင်

- အိန္ဒိယအတွက် ပလက်ဖောင်းတစ်ခုဖြစ်လာနေသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)
- အရှေ့ဖျားစီးပွားရေးဖိုရမ်နှင့် ဗဟုကမ္ဘာသို့ ဦးတည်ရာလမ်း
- အနာဂတ်ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းသစ်များ
- ရုရှား၏ နောက်ထပ်ခြေတစ်လှမ်း
- လူကြိုက်များခေတ်စားလာနေသည့် လျှပ်စစ်ကားများနှင့် အနာဂတ်အလားအလာ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(လက်ကားဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း–၀၁–၈၃၈၇၅၆၈

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ဒဂုံမြို့သစ်ခရိုင်တရားရုံး
၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် –၄၆၆

ဒေါ်ယုယုထက်ဝေ နှင့် ဒေါ်သန်းအေး
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀) ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ အမှတ် (၉၉၆)နေ တရားပြိုင် ဒေါ်သန်းအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ–၁၂ အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ရက် (၁၃၈၄ခုနှစ် နတ်တော်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်မင်းထွန်း)
ခရိုင်တရားသူကြီး
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၇)၊ ဦးပိုင်အမှတ် (၆၇/က)၊ မြေဧရိယာ ၀ဒသမ၀၃၀ဧကရှိမြေကွက်သည် မူလက ဦးကဟာရ်ချတ္တာရီအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၆၃၆V ၁၉၈၉–၁၉၉၀ အရ (၃၀–၆–၂၀၂၀)ရက်ထိ နှစ် ၃၀ မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဦးကဟာရ်ချတ္တာရီသည် ၃၀–၉–၂၀၁၆ရက်တွင် လည်းကောင်း၊ ၎င်း၏ဇနီးသည် ဒေါ်မန်းမာယာသည် ၁၄–၁၂–၂၀၁၀ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသဖြင့် ကျန်ရစ်သူ သား/သမီးများဖြစ်သည့် (၁)ဦးယမ်းဗဟာဒူး(သား)၊ (၂) ဦးရှမ်းဗဟာဒူး(သား)၊ (၃) ဦးချတ္တာရာဗဟာဒူး(သား)၊ (၄) ဒေါ်ဒူရ်ဂါဒေဗီတို့ (၄)ဦးက ၁၃–၅–၂၀၂၀ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၀၆/၂၀၂၀)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီး ၁၀–၆–၂၀၂၀ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၄၉/၂၀၂၀)အရ အမွေဆက်ခံသူ (၄)ဦးအနက် (၂)ဦးမှ ဦးယမ်းဗဟာဒူးနှင့် ဦးရှမ်းဗဟာဒူး (၂)ဦးထံသို့ တရားဝင်အိမ်ခြံမြေကွက်အပြီး အပိုင်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်၍ ယခုအခါ ဦးယမ်းဗဟာဒူး ၁/မကန(နိုင်)၀၂၇၇၆၇နှင့် ဦးရှမ်းဗဟာဒူး ၁/မကန(နိုင်)၀၈၀၀၆၈ တို့ (၂)ဦးအမည်ဖြင့် (အမည်ပြောင်း) မြေငှားဂရန်လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ပင်လုံတက္ကသိုလ်
## (၁၆)ကြိမ်မြောက်(နေ့သင်တန်း)နှင့် ပထမအကြိမ်(အဝေးသင်သင်တန်း)ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ပင်လုံတက္ကသိုလ်၏ ၂၀၁၉–၂၀၂၀ ပညာသင်နှစ် (နေ့သင်တန်း)တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ ၂၀၂၁–၂၀၂၂ ပညာသင်နှစ် (နေ့သင်တန်း)တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအတွက် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ပထမအကြိမ်(အဝေးသင်သင်တန်း) ၂၀၁၉ ပညာသင်နှစ်၊ ၂၀၂၀ ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့ စာမေးပွဲအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်းလျှောက်ထားနိုင်ပါသည်။

၂။ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၊ ပထမအကြိမ်(အဝေးသင်သင်တန်း) ဘွဲ့နှင်းသဘင်နှင့်ပတ်သက်၍ ဘွဲ့လျှောက်လွှာတင်သွင်းရမည့်ရက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) **ဘွဲ့နှင်းသဘင်လျှောက်လွှာ စတင်တင်သွင်းရက်** – ၂၅–၁၁–၂၀၂၂ ရက်
(ခ) **ဘွဲ့နှင်းသဘင်လျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်** – ၂၀–၁၂–၂၀၂၂ ရက်

**ဘွဲ့နှင်းသဘင်ကြေး**
တက်ရောက်ဘွဲ့ကြေး ၁၅၀၀၀/–(ကျပ် တစ်သောင်းငါးထောင်ကျပ်တိတိ)
အဝေးရောက်ဘွဲ့ကြေး ၁၀၀၀၀/–(ကျပ် တစ်သောင်းကျပ်တိတိ)

**မှတ်ချက်**
က။ သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနမှ ရယူ၍ လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသော (၂ x ၁ ½) ဓာတ်ပုံ (၃)ပုံနှင့်အတူ ပူးတွဲ၍ ပြည့်စုံစွာဖြည့်စွက်လျှောက်ထားကြရမည်။
ခ။ သတ်မှတ်ဘွဲ့ကြေးများကို ပင်လုံတက္ကသိုလ် ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။
ဂ။ ယခင်ပညာသင်နှစ်များ၌ သက်ဆိုင်ရာ ဘွဲ့အသီးသီးအတွက် ဘွဲ့လျှောက်ထားခြင်း မပြုရသေးသည့်သူများသည် အဝေးရောက် ဘွဲ့လျှောက်ထားနိုင်ပါသည်။
ဃ။ ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။
င။ အသေးစိတ်အချက်အလက်များကို ပင်လုံတက္ကသိုလ်၊ သင်တန်းရေးရာဌာန တယ်လီဖုန်းအမှတ်–၀၈၁–၃၀၀၄၅၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဌာနမှူး၊ သင်တန်းရေးရာဌာန
ပင်လုံတက္ကသိုလ်

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 82W/91249, Honda Wave–110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဘိုဘိုဇော် ၁၄/မအန(နိုင်)၂၆၃၈၀၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟသ်ာတ)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/23120, Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်အောင် ၁၄/ကကန(နိုင်) ၁၀၃၀၉၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဟသ်ာတ)

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ပထမထပ်၊အမှတ် ၅၈နေ ဒေါ်ငွေငွေမော် ၁၂/လမတ(နိုင်)၀၀၅၃၂၁ မှ ဦးတင်မောင် ၁၃/တကန(နိုင်)၀၀၃၀၃၁ ကို ၁၇–၂–၂၀၀၆ ရက်က ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် ၁၂၇၇/၂၀၀၆ ဖြင့် အထွေထွေ ကိုယ်စားလှယ်လွှဲစာကို လွှဲအပ်ထားခဲ့ပါသည်။ ယခုအခါ ဒေါ်ငွေငွေမော် ၁၂/လမတ(နိုင်)၀၀၅၃၂၁ မှ ဦးတင်မောင် ၁၃/တကန(နိုင်)၀၀၃၀၃၁ ကို လွှဲအပ်ထားသည့် ဖော်ပြပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သင်းစုလှိုင်(LL.B)
အထက်တန်းရှေ့နေ(စဉ်–၅၄၃၉၂/၂၀၂၁)
အမှတ်(၁၁၂)၊ အခန်း ၁၆၊ ပြည်လမ်းမ၊ (၄)ရပ်ကွက်၊ ၈မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## အများသိစေရန် ကြေညာခြင်း

အမှတ် (၉၉)၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ မေတ္တာလမ်း၊ နယ်မြေ (၄)၊ ဧရိယာ ၀ ဒသမ ၁၂၇၊ ကွင်း အမှတ် (၁၂၂)၊ ဦးပိုင်အမှတ် (၈၆)၊ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံသည် ဦးစံငွေ(ဘ)ဦးထွန်းအောင် ၁၃/တကန(နိုင်) ၀၄၈၇၁၂ ၏ အမည်ဖြင့် ဂရန်အမည်ပေါက်သူထံမှ ရန်ကုန်မြို့၊ အမှတ် (၃၃)(G)၊ ရတနာလမ်းသွယ်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ဦးခင်မောင်အေး(ဘ)ဦးခင်မောင်သန်း ၁၂/ပဘတ(နိုင်)၀၂၇၉၇၈သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု(မူရင်း) အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ခင်မေ (တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၅၃၈)
အမှတ် (၄/၉၅)၊ တံခွန်လမ်း၊ ဘုရားဖြူရပ်ကွက်
တောင်ကြီးမြို့၊ ဖုန်း–၀၉–၅၀၇၅၇၁၀

ဒေါ်ဇင်ဇာလှိုင်
အထက်တန်းရှေ့နေ
စဉ်–၂၉၃၅၆

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ် ကွက်ကြီး (၁၁)၊ ရေငယ်ကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(၃၈/၃)၊ အကွက်အမှတ် (B/7)၊ မြေဧရိယာအကျယ်အဝန်း (၀.၁၄၆)ဧက (လက်ရှိ မြေပေါ်ရှိ အတိုင်းအတာ) မြေကွက်/နေအိမ်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်မျိုးမဉ္ဇူ ၁၂/သကတ(နိုင်)၁၄၆၀၁၄ထံမှ ဒေါ်သော်သော်ဇင် ၉/စကတ(နိုင်)၀၇၃၅၂၂က (အရပ်ကတိစာချုပ်)ဖြင့် ဝယ်ယူပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်/နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၇ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်သော်သော်ဇင်
၉/စကတ(နိုင်)၀၇၃၅၂၂

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးနေမျိုးဇော်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၆၆)
"နိုင်"ဥပဒေအကျိုးဆောင်
အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အမည်ပြောင်း

ဖျာပုံမြို့၊ ချောင်းတွင်းအနောက်ကွင်း ဦးသိန်းဇော် ၁၄/ဖပန(နိုင်)၁၉၃၉၀၉၏သမီးဖြစ်သူ ချောင်းတွင်း အနောက်ကွင်း အမက–၁၉ (Grade–5)တွင် ပညာသင်ကြားနေသော မစိုးစန္ဒာဝင်းအား မမြင့်မြတ်စိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမြင့်မြတ်စိုး

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/8404 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)၊
အင်းစိန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/9789, Toyota Dyna BZV 300, Truck (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးဦး ၉/စကန(နိုင်)၀၅၃၈၇၄ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 28W/79571, Kenbo–125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမျိုးထက် ၉/သပက(နိုင်) ၀၅၁၃၂၇ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ (၁၇)လမ်း၊ တိုက်အမှတ် (၁၁၄၇/က+ခ)၊ အခန်း (တတိယထပ်)(၄လွှာ)(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၉ပေ× ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဆုဝေလှိုင် (၁၂/တမန (နိုင်) ၁၁၅၈၀၂)၏ အထူးကိုယ်စားလှယ်လွှဲစာရထားသူ ဒေါ်မြတ်ဝတ်ရည်ဟန် (၁၂/အစန (နိုင်) ၁၈၇၁၆၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်– ၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၆)၊ ခရေလမ်း၊ မြေကွက်အမှတ် (၇၆၈)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဦးမြင့်ရွှေ (၁၂/ဥကမ (နိုင်) ၀၇၄၇၅၉) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ထွန်း (၇/မညန(နိုင်) ၀၄၅၄၀၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
Hein Htet San Law Firm

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ဆီစက်ချေးငွေလျှောက်ထားနိုင်ကြောင်း ကြေညာခြင်း

၁။ ပြည်တွင်းစားသုံးဆီဖူလုံစေရန်၊ ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျော့ချနိုင်စေရန် နှင့် အရည်အသွေးမီ စားသုံးဆီများထုတ်လုပ်ရန်ရည်ရွယ်၍ ပြည်တွင်းဆီစက်များကို တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ တည်ဆောက်ခြင်းတို့အတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆီစက်ချေးငွေ ပေးအပ်သွားမည်ဖြစ်ပါ သည်။

